# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ နယုန်လဆန်း (၉) ရက် ၊ စနေနေ့ ၊ (15-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာသဘောတူညီချက်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ **စာမျက်နှာ ၁၉ ကော်လံ ၄ သို့**

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေး၊ အမှန်တကယ်ပညာတတ်မြောက်အောင် သင်ကြားပေးရေးတို့အတွက် အလေးထားဆောင်ရွက် *စာမျက်နှာ - ၁၇*

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး လှုံ့ဆော်ရေးဆိုင်းဘုတ်စိုက်ထူဖွင့်လှစ် *စာမျက်နှာ - ၁၉*

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများ၏ သားသမီးများကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ပံ့ပိုးကြေးပေးအပ်မည် *စာမျက်နှာ - ၁၁*

မန္တလေးဈေးချိုတော်တွင် ဇွန်လ ဒုတိယပတ်အတွင်း ကုန်မျိုးစုံနှင့် သစ်သီးမျိုးစုံ အရောင်းအဝယ်ကောင်းနေ *စာမျက်နှာ - ၂*






ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံ ခန်းမ

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ ၊ဆွေးနွေးပွဲများ ၊အလုပ်ရုံဆွေးနွေးပွဲများ ၊အစည်းအဝေးများ ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၁၅ ရက်
အယ်ဒီတာ့အာဘော်

# သန်းခေါင်စာရင်းကောက်ယူမှုအောင်မြင်ရေးသည် အမျိုးသားရေးတာဝန်

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းမှရရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၀ နှစ်လျှင် တစ်ကြိမ်ကောက်ယူလေ့ရှိသည်။ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့်ဆောင်ရွက်ပြီးနောက် ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလများတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၊ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှုများအရ လူဦးရေဆိုင်ရာပြောင်းလဲမှုများ မလွဲမသွေဖြစ်ပေါ်နေမည်ဖြစ်သည်။ ထို့အတွက် ၁၀ နှစ်တာအတွင်း နိုင်ငံ၏လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာအပြောင်းအလဲများကို နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သည့် မူဝါဒ၊ စီမံကိန်းများချမှတ်နိုင်ရန်အတွက် ယခု ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)ကို ဇွန် ၇ ရက်က နေပြည်တော်၌ ကျင်းပပြုလုပ်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့်စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့်အခက်အခဲများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူပြီးမှသာ လူဦးရေစာရင်းထွက်လာမည်ဖြစ်ကာ မဲစာရင်းများပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းများအပြည့်အဝကောက်ယူနိုင်မှသာ မှန်ကန်သည့်မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကိုမှန်ကန်စွာပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း"**ကို အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ပေသည်။

သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ခြင်းဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံသူနိုင်ငံသားတိုင်း၏ ပကတိအခြေအနေများကို သိရှိနိုင်မည်ဖြစ်ပြီး လိုအပ်သည့်နေရာများတွင် မှန်ကန်သည့်စီမံကိန်းများချမှတ်နိုင်မည်ဖြစ်သည်။ ထို့အတူ လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အရေးကြီးသောလုပ်ငန်းစဉ်ကြီးတစ်ရပ်လည်းဖြစ်သည့် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ပြည်သူတို့၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင်ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတစ်ဝန်းလုံးကတိုင်းရင်းသားသွေးချင်းပြည်သူများအားလုံး ညီညွတ်သောအင်အားနှင့်ပေါင်းစပ်ဆောင်ရွက်ကြမှသာ သတ်မှတ်အချိန်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် မိဘပြည်သူအပေါင်းက သန်းခေါင်စာရင်းကောက်ယူချိန်တွင် မေးခွန်းများကိုမှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီကြရန် အရေးကြီးပါသည်။ တစ်မျိုးသားလုံးအကျိုးအတွက် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် မိမိတို့၏အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးချိုတော်တွင် ဇွန်လဒုတိယပတ်အတွင်း ကုန်မျိုးစုံနှင့် သစ်သီးမျိုးစုံ အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဇွန် ၁၄**

မန္တလေးဈေးချိုတော်တွင် ဇွန်လဒုတိယပတ်အတွင်း ကုန်မျိုးစုံနှင့် သစ်သီးမျိုးစုံ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးဈေးချိုတော်တွင် ကုန်ခြောက်၊ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်များအပါအဝင် သစ်သီးမျိုးစုံအပြင် အခြားကုန်ပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိ မိုးရာသီကာလသို့ ဝင်ရောက်လာပြီ ဖြစ်သော်လည်း မန္တလေးဈေးချိုတော်ရှိ သစ်သီးဝလံရောင်းချလျက်ရှိသည့် သစ်သီးတန်းဘက်တွင် သဘော်သီး၊ ဖရဲသီး၊ သရက်သီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး စသည့်သစ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ ကုန်ခြောက်တွေဖြစ်တဲ့ ငါးခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ လက်ဖက်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ကုလားပဲ စတဲ့ကုန်ခြောက်ပစ္စည်းတွေ တော်တော်လေးရောင်းအားကောင်းလာတယ်။ ဒါ့ပြင် သစ်သီးဝလံတွေလဲ ဈေးချိုတော်မှာ အရောင်းအဝယ်ကောင်းမွန်လာပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် အဝတ်အထည်ပစ္စည်းများအပါအဝင် အခြားအလှကုန်နှင့် လူသုံးကုန်ပစ္စည်းများလည်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ ကုန်ခြောက်နဲ့ သစ်သီးဝလံက ရောင်းအားအကောင်းဆုံး ဖြစ်နေပြီး အဝတ်အထည်၊ လူသုံးကုန်နဲ့ အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်စည်တွေပဲဖြစ်ပါတယ်။ အခြားစားသောက်ကုန်တွေလဲ အရောင်းအဝယ်ပြန်ပြီးကောင်းမွန်လာပါတယ်"ဟု ဦးအောင်မြင့်သိန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၁၄**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ငွေကျပ် သိန်း ၁၀၀၀ အောက်မြေကွက်များ အရောင်းအဝယ်ဖြစ်နေပြီး လက်ရှိအနေအထားအရ ရောင်းချလိုသူများနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပေ(၃၀×၄၀)၊ ပေ(၄၀×၆၀)၊ ပေ(၄၀×၄၀) အကျယ်ရှိ ငွေကျပ်သိန်း ၁၀၀၀ အောက်မြေကွက်များကို အဓိကဝယ်ယူမှုရှိနေပြီး ကိုယ်တိုင်နေထိုင်ရန် ဝယ်ယူမှုပိုများနေကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်က အခြားဈေးကွက်တွေလို အတက်အကျကြမ်းတာမျိုးတော့မရှိဘူး။ ဈေးတန်းတွေက နေရာတစ်ခုမှာ သတ်မှတ်ဈေးနှုန်းနဲ့ ပေါက်ဈေးဆိုတာရှိတယ်။ အဲဒီဟာထက်ပိုပြီး ထူးထူးခြားခြားပြောင်းလဲဖို့ဆိုရင် နှစ်ချီကြာတတ်တာမျိုးပါ။ ဥပမာ-အနည်းဆုံး ငွေကျပ် သိန်း ၇၀၀ လောက်ပေါက်ဈေးရှိနေရာကနေ သိန်း ၁၀၀၀ လောက်ထိခုန်တက်သွားတာမျိုးမရှိဘဲ ကာလတစ်ခုထိ စောင့်ဖို့လိုတယ်။ လက်ရှိကတော့ သိန်း ၁၀၀၀ အောက် မြေကွက်လေးတွေ အဝယ်လိုက်နေတာရှိတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ယခုအခါ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်း၊ ချမ်းမြသာစည်မြို့နယ်အရှေ့ခြမ်း၊ အမရပူရမြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ်သိန်း ၁၀၀၀ အောက်မြေကွက်များကို ဝယ်ယူမှုရှိနေပြီး မြို့တွင်းပိုင်းနှင့် စက်မှုမြို့သစ်ဘက်တွင်လည်း လမ်းအတွင်းပိုင်းမြေကွက်များ ရောင်းချလိုမှုမြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း(မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၅၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၃၅၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၁၀၀၀ မှ သိန်း ၃၀၀၀ ခန့်၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အဓိက မိန်းလမ်းကြီးများနှင့် အနီးဝန်းကျင်ရှိ မြေကွက်များမှာ အနည်းဆုံးငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ်အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ နှင့်အထက် ပေါက်ဈေးရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများကလည်း မြင်းခြံ ဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်မှထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေ အဝယ်တော်တော်များလာတယ်။ အခု လတ်တလော မန္တလေးဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်က ထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန် ၁၃ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ ထိဈေးရရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇလွန်မြို့နယ် မေရီလယ်ဦးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဇလွန် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေရီလန်းကျေးရွာအုပ်စု မေရီလယ်ဦးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းရန်နှင့်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့သည်။

မေရီလယ်ဦးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသောလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဇီဝိတဒါနသံဃာဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးနှင့် အမျိုးသမီးဆပ်ကော်မတီအလှူရှင်အဖွဲ့က လစဉ်ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၉၈၅၀ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာ၌ မိုးစပါး ၁၉၉၈၅၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၁၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် စပါး ဧက ၁၉၉၈၅၀ ဧကစိုက်ပျိုးရန်လျာထားကာ ယခုနှစ် ဇွန်လတတိယပတ်မှစတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် မိုးစပါးဧက ၁၉၉၈၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးသွားမှာပါ။ စပါးစိုက်ပျိုးရာမှာအချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်ဖို့ နည်းလမ်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၆၃၇ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၂၄ ဧက စုစုပေါင်း ဧက ၁၉၉၈၅၀ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် စိုက်ပျိုးမည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် စိန်မြရုံကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် သမ္ဘာန်ကျေးရွာအုပ်စု စိန်မြရုံကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စိန်မြရုံကျေးရွာ၌ အရှည်ပေ ၃၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စိန်မြရုံကျေးရွာ၌ အဆိုပါရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၂၇ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက မေ ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက စိန်မြရုံကျေးရွာရှိ အိမ်ခြေ ၄၆ အိမ်၊ လူ ၂၉၅ ဦးတို့အတွက် အိမ်တိုင်ရာရောက် သန့်ရှင်းသောသောက်သုံးရေကို အလွယ်တကူရရှိတော့မည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ဆက်လှ**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်အစုံပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်းက ပုစွန်အစုံပိဿာချိန် ၅၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မေလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်တွေ ဝယ်လိုအားကောင်းနေတာကြောင့် တင်ပို့ရောင်းချအားကလဲ တက်လာတာပါ။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ပစ္စည်းတွေတင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဖျာပုံဒေသကနေ ရန်ကုန်ဈေးကွက်ထဲ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၁၉၅၀၀၊ ပုစွန်တုပ် တစ်ပိဿာလျှင် ငွေကျပ် ၃၃၅၀၀ မှ ၄၇၀၀၀ စသည်ဖြင့် လတ်ဆတ်မှုပေါ်မူတည်ပြီး ဈေးအနိမ့်၊ အမြင့်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၂၀၃)

## ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ ဆီးအောင့်နေရင် ဘာဆေးသောက်ရမလဲ။**

ဖြေ။ ။ ဆန်ဆေးရည်သောက်ပါ။ သံပရာသီးတစ်လုံး အရည်ညှစ်ပြီး ဆန်ဆေးရည်တစ်ဖန်ခွက်နဲ့ ရောသောက်ပါ။

**မေး။ ။ ကလေးဆီးအောင့်၊ ဆီးတစက်စက်သွားနေရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ ကျားမနိုင်မြစ်သွေးပြီး ဆီးခုံမှာလိမ်းပေးပါ။

**မေး။ ။ အသံဝင်ရင်ဘာလုပ်ရမလဲ။**

ဖြေ။ ။ ပြည်ပန်းညိုရွက် ဟင်းချိုချက်သောက်ပါ။

**မေး။ ။ လျှာစပ်နေရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ပျားရည်လျက်ပေးပါ။

**မေး။ ။ လည်ချောင်းနာပြီး အစာမစားနိုင်ရင်ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ထမင်းရည်ပူပူမှာ ဆားခတ်သောက်ပါ။

**မေး။ ။ ကြက်ဟင်းခါးသီးကို မခါးအောင်ဘယ်လိုချက်စားရမလဲ။ ခါးရင် လေထလို့ပါ။**

ဖြေ။ ။ ထိပ်နှစ်ဖက်ကိုလှီးပြီး ဆားပွတ်ပါ။ ခဏထားပြီးမှ အကွင်းလိုက်လှီး ရေစိမ်ထားပြီး နာရီဝက်ကြာမှ ချက်ပါ။ အခါးအားလုံး လေဓာတ်ကြွတယ်။ မခါးရင် လေမထိုး၊ သွေးမတိုးပါ။

**မေး။ ။ အိပ်ချင်နေရင် မအိပ်အောင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ မျက်နှာသစ်ပါ။ ရေကိုလက်ခုပ်နဲ့ယူပြီး ကုပ်ပိုးကိုရိုက်ပေးပါ။

**မေး။ ။ ဇဏဇဏသမ်းနေရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ အချဉ်အစပ် အရသာနှစ်မျိုးပါတဲ့အစာစားပေးပါ။

**မေး။ ။ ခြေစွယ်ဇဏဇဏငုပ်ရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ခြေစွယ်ငုပ်တဲ့နေရာကို အုန်းဆီ မကြာမကြာထည့်ပေးပါ။

**မေး။ ။ ဖနောင့်နာတာ ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ဆားနင်းပေးပါ။

**မေး။ ။ မျက်စိစွေတာ ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ မျက်စိကို အထက်အောက်၊ ဘေးဝဲယာ စက်ဝိုင်းပတ်ကြည့်တဲ့ လေ့ကျင့်ခန်းလုပ်ပေးပါ။ နာရီစက္ကန့်တံသွားတာကို လိုက်ကြည့်ပါ။

**မေး။ ။ လူကြီးတွေ အစားမဝင်၊ စားသောက်မကောင်းရင် ဘာကျွေးရမလဲ ဆရာ။**

ဖြေ။ ။ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ခေါက်ကျွေးပါ။ ငါးဖယ်အောင်းငါးပိကောင် မီးကင်ပြီး ဆီဆမ်းကျွေးပါ။

**မေး။ ။ ဆံပင်ကျွတ်ရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ဆန်ဆေးရည်နဲ့ခေါင်းလျှော်ပါ။ ညအိပ်ရာဝင်မှာ ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးပါ။ ငယ်ထိပ်ကို အုန်းဆီလိမ်းအိပ်ပါ။

**မေး။ ။ ကလေးအကြောမသန်ရင် ဘာကျွေးရမလဲဆရာ။**

ဖြေ။ ။ ဖီးကြမ်းငှက်ပျောသီးကို မီးဖုတ်ကျွေးပါ။ ပဲနီကလေးဟင်းချိုချက်တိုက်ပါ။

**မေး။ ။ လက်စွယ်ငုပ်ရင် ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ သံပရာသီးအပေါက်ဖောက် ခဏစွပ်ထားပြီး လက်စွယ်ကို ဆွဲနုတ်လိုက်ပါ။

**မေး။ ။ အိပ်ရေးပျက်ပြီးခေါင်းကိုက်ရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ ချင်းတက်ပါးပါးလှီးပြီး နားထင်နှစ်ဖက်မှာကပ်ထားပါ။

**မေး။ ။ မျက်စိထောင့်တွေနီရဲနေရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ မန်ကျည်းခေါက်နဲ့ ဆားအနည်းငယ်ရောသွေးပြီး မျက်စိကွင်းပါ။

**မေး။ ။ ရုတ်တရက်လေထိုးအောင့်ရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ဆိုဒါ ဟင်းစားဇွန်းတစ်ဇွန်းကို ရေအေးနဲ့သောက်လိုက်ပါ။

**မေး။ ။ ဝမ်းတအားချုပ်ပြီး စမြင်းခံနေရင်ဘယ်လိုလုပ်ရမလဲ။**



ဆေးဖက်ဝင် ပြည်ပန်းညိုရွက်ကို တွေ့ရစဉ်။

ဖြေ။ ။ မန်ကျည်းဖျော်ရည်တစ်ဖန်ခွက်မှာ ဆားခါးဟင်းစားဇွန်း နှစ်ဇွန်းထည့်ဖျော်သောက်ပါ။

**မေး။ ။ မွေးကင်းစကလေးချက်ရှုရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ နနွင်းနဲ့ အုန်းဆီရောလိမ်းပါ။

**မေး။ ။ မွေးစကလေး ချက်တိုင်နီပြီး အနာမကျက်ရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ ပျားရည်တို့ပေးပါ။

**မေး။ ။ ကလေးနို့စို့ပြီး ကြို့ထိုးရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ ကလေးရင်ညွန့်ချိုင့်ခွက်လေးကို အုန်းဆီလိမ်းပေးပါ။

**မေး။ ။ ကလေးရေသောက်ပြီး သီးရင်ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ ကလေးငယ်ထိပ်ကို ပါးစပ်နဲ့မှုတ်ပေးပါ။

**မေး။ ။ နို့စို့ကလေး ဝမ်းအရည်သွားရင်ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ ကလေးအမေကို ရေနွေးကြမ်းအဖန်ရည်မှာ သကြားထည့်တိုက်ပေးပါ။

**မေး။ ။ ကလေးကြက်ညှာချောင်းဆိုး၊ ညမအိပ်ရအောင်ဆိုးရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ကွမ်းရွက်ကိုကန်တော့လုပ် ဆားထည့်ထုပ်ပြီး သွားကြားထိုးတံနဲ့ မပွင့်အောင်ထိုး သံပြားပေါ်တင် မီးဖုတ်ပြချပါ။ အဲဒီကွမ်းရွက်ပြာဆားကို သံပရာရည်နဲ့ဖျော်လျက်ခိုင်းပါ။ လျှာပွတ်ပေးပါ။

**မေး။ ။ ကလေး ငါးနှစ်သား ဆီးဇဏဇဏသွားနေလို့ ဘယ်လိုလုပ်ရမလဲ ဆရာ။**

ဖြေ။ ။ ထန်းသီးဆန် အနှကျွေးပါ။ မန်ကျည်းစေ့သွေးပြီး ဆီးခုံမှာလိမ်းပေးပါ။

**မေး။ ။ ကလေး လေဝမ်းမကျွဲ၊ လေလည်ရင်၊ ချောင်းဆိုးရင် ဝမ်းပါနေလို့ ဘယ်လိုလုပ်ရမလဲ ဆရာ။**

ဖြေ။ ။ ကြက်သွန်နီဥကြီး မီးအုံးပြီးကျွေးပါ။

**မေး။ ။ ကလေးအူကျရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ အူကျတဲ့နေရာ ရေခဲကပ်ပေးပါ။ ကျားမနိုင်မြစ်သွေးလိမ်းပါ။

**မေး။ ။ ကလေးမျက်ဝတ်ထွက်တာများရင် ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ အဝတ်ဖြူစ၊ ပိတ်စအနုကို ဆားရည်စိမ်ပြီး မျက်ဝတ်တွေပွတ်ပေးပါ။

**မေး။ ။ ကလေးကြာဆူးထွက်ရင် ဘာလိမ်းရမလဲဆရာ။**

ဖြေ။ ။ သံပရာရည်နဲ့သနပ်ခါး ရောသွေးလိမ်းပါ။

**မေး။ ။ ကလေးလျှာမှာ မှက္ခရုပေါက်ရင် ဘာလိမ်းရမလဲ။**

ဖြေ။ ။ ပရဆေးဆိုင်မှာ လက်ချားဝယ်ပြီး သံပြားပေါ်တင် မီးဖောက်ပါ။ လက်ချားမီးဖောက်အမှုန့်ကို ညက်အောင်ကြိတ်ပြီး ကလေးလျှာပွတ်ပေးပါ။

**မေး။ ။ ကလေးဝက်သက်ပေါက်ရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ မိုးနံ့ပင်အရွက်ကို အရည်ညှစ်တိုက်ပါ။ မိုးနံ့ရွက်ဟင်းချိုချက်တိုက်ပါ။ မိုးနံ့ရွက်ပြုတ်ရည်နဲ့ရေချိုးပါ။

**မေး။ ။ ကလေးကျောကော့ပြီးငိုရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ကလေးဝမ်းဗိုက်ကို မုန်ညင်းဆီကို မီးနဲ့နွေးပြီး လိမ်းပေးပါ။

**မေး။ ။ ကလေးတက်ရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ ကလေးခြေဖဝါးနှစ်ဖက်ကို မုန်ညင်းဆီလိမ်းနှိပ်ပေးပါ။

**မေး။ ။ ကလေးတစ်နှစ်သား မထိုင်သေးရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ကလေးကျောရိုးမှာ မုန်ညင်းဆီလိမ်းပြီး ကွမ်းရွက်ကပ်ပေးပါ။ မှောက်ပြီးရေကူးသလို ခြေထောက်၊ တံကောက်ကွေးနှစ်ဖက်ကွေးဆန့်ပေးပါ။

**မေး။ ။ ကလေးသွားရည်ကျများနေရင် ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ မေးအောက်မှာ ကွမ်းသီးခြမ်းသွေးလိမ်းပါ။ လျှာလဲအနည်းငယ်ပွတ်ပေးပါ။

**မေး။ ။ ကလေးနို့ဖြတ်ချင်ရင် ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ မုတ်ခါးအခဲကိုသွေးပြီး နို့သီးခေါင်းထိပ်မှာ လိမ်းပေးပါ။

**မေး။ ။ ကလေးဝမ်းဇဏဇဏသွားပြီး တင်ပါးနှစ်ဖက်မှာအပူလောင်ရင် ဘာလိမ်းရမလဲဆရာ။**

ဖြေ။ ။ ပျားရည်နဲ့အုန်းဆီရောလိမ်းပါ။

**မေး။ ။ ကလေးအိပ်ပျော်နေရင်း ဆတ်ခနဲဆတ်ခနဲ လှုပ်တာ ဘာကြောင့်ပါလဲဆရာ။**

ဖြေ။ ။ အစာမကြေတဲ့ လက္ခဏာပါ။ အစာကို တစ်ကြိမ်တည်း အများကြီးမကျွေးပါနဲ့။ ကြေလွယ်တဲ့အစာကျွေးပါ။ အစာကိုညက်အောင်ကြိတ်ကျွေးပါ။ ပူပူနွေးနွေးကျွေးပါ။ အေးစက်တဲ့အစာတွေ မကျွေးပါနဲ့။

**မေး။ ။ ၉ နှစ်နှစ်အရွယ်ကလေး ဝမ်းကိုက်ပြီး ဗိုက်နာနာနေတာ ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ကြက်သွန်ဖြူနဲ့ ထန်းလျက်ရောကြော်ပြီး နှမ်းဆီစိမ်ကျွေးပါ။

**မေး။ ။ ကလေးခေါင်းချွေးအထွက်များတာ ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ အထက်အပူပြန်လို့ပါ။ ကလေးရဲ့ခြေဖဝါးကို ရေဖတ်တိုက်ပြီး ဆားနုနုလေးနဲ့ပွတ်ပေးပါ။ ခြေဖဝါးကနေ အပူငွေ့တွေထွက်လာတာတွေ့ရပါလိမ့်မယ်။ ခြေဖဝါးကအခိုးထွက်ရင် ခေါင်းချွေးထွက်တာ သက်သာပါလိမ့်မယ်။

**မေး။ ။ ကလေးသွားပိုးစားတာ ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ တမာရွက်ပြာချပြီး သွားအခြေမှာသိပ်ပေးပါ။

**မေး။ ။ ကလေးဦးခေါင်းမှာ အနာဖုကြီးထွက်ပြီး ပြည်မပေါက်ဘဲရောင်နေတာ ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ ကုံကုမံရွက်မီးကင်ကပ်ပေးပါ။ အနာပြည်ပေါက်စေပါတယ်။

**မေး။ ။ ၉ နှစ်နှစ်သားအရွယ်ကနေ ၁၀ နှစ်သားအရွယ် ကိုရင်လေးတွေခေါင်းမှာ ဒက်တွေပေါက်နေတာ ဘာဆေးလိမ်းရပါမလဲ။**

ဖြေ။ ။ ရဲယိုသီးအမှည့်ကို အနှစ်ယူပြီး ဦးခေါင်းမှာပွတ်လိမ်းပေးပြီး ခေါင်းလျှော်ပေးပါ။ ဒက်ပျောက်ပါတယ်။

**မေး။ ။ အတက်ရောဂါက ကလေးတွေမှာဘာကြောင့်ဖြစ်တာပါလဲ။ ဆေးရှိပါသလား။**

ဖြေ။ ။ သူငယ်နာအတက်ရောဂါဖြစ်ရတဲ့အကြောင်းရင်းတွေ အများကြီးရှိပါတယ်။ သွေးတက်၊ လေတက်၊ အကြောတက်ဆိုတာရှိပါတယ်။ အနောက်တိုင်းအလိုအရတော့ ဦးနှောက်မှာအကျိတ်ရှိလို့တက်တာ။ အာရုံကြောကြောင့်တက်တာ၊ အာဟာရဓာတ်၊ သတ္တုဓာတ်တစ်မျိုးမျိုးချို့ယွင်းလို့တက်တာတွေရှိပါတယ်။ သူ့အကြောင်းနဲ့သူ ပေးရတဲ့ဆေးအမျိုးမျိုးရှိတာမို့ အလွန်ကျယ်ဝန်းပါတယ်။ အထူးကုဆရာဝန်၊ တိုင်းရင်းဆေးဆရာကြီးတွေသာပြသသင့်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## မြတ်သမယ နယုန်လ

- နယုန်လဝယ်
စံပယ်နှင့်မြတ်လေး၊
ပြည်တစ်ခွင်ဝေဆာပွင့်၍
ထူးတင့်စွာမွှေး။

- ဝေဟင်အာကာ
တိမ်လွှာတွေအုပ်ကာလွှမ်း၊
မိုးပုလဲတွေကြဲပက်မှု
စပြုသွန်းဖျန်း။

- တောတောင်တစ်ခွင်
သစ်ပင်တွေစိမ်းစိုမြ၊
အဖူး အပွင့် အသီး အခက်တို့
ထွက်ရှိကာလှ။

- နေမင်းသူရိန်
အပူရှိန်လျော့ပါး၊
အပူအအေးမျှတ၍
သာစွတကား။

- လနယုန်၏သဘာဝ
သာယာလှသည့်ပြင်
တွေးရှုကြည့်လျှင်၊
မြတ်စွာဘုရားရှင်
သက်တော်ထင်ရှားရှိစဉ်က၊
မဟာသမယသုတ်တရား
မြွက်ကြားသည့်ချိန်ကာလမို့
လနယုန်မြတ်သမယဟု
ညွှန်းပြုဖွယ်ပ။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဓနိ ချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်းက ဓနိချပ်ရေ ၄၅၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငပုတောမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်က တောင်သူတွေက စပါးအပြင် ဓနိနဲ့အခြားသီးနှံတွေစိုက်ပျိုးပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့မေလထဲမှာ ရန်ကုန်ဈေးကွက်ကို ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဝယ်လိုအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ငပုတောမြို့နယ်မှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြသည်။

ငပုတောမြို့နယ်တွင် ထွက်ရှိသောဓနိများမှာ အချပ် ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ ထိဈေးရှိနေကြောင်း၊ အဆိုပါဓနိချပ်များဝယ်ယူမှုများလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိရောင်းဝယ်ရေးလုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သုံးခွမြို့နယ် လက်ပံချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သုံးခွ ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လက်ပံချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၉၉ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပံချောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၃၁၃ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၉၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိသန်းညွန့်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၆၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၆၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၃၆၁၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၆၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲစင်းငုံ ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့်လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်ပိုးမွှားကင်းစင်၍ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းအတွက် ရုရှားပိုင်ဆိုင်မှုများ အသုံးပြုရန်စီစဉ်မှုကို လက်တုံ့ပြန်မည်ဟု သမ္မတပူတင်ပြောကြား

**မော်စကို ဇွန် ၁၄**

ပြည်ပ၌ သိမ်းယူခံထားရသည့် ရုရှား၏ ပိုင်ဆိုင်မှုများမှ ရရှိသော အကျိုးအမြတ်များကို ယူကရိန်းသို့ ချေးငွေအဖြစ် ပေးအပ်မည့် အနောက်အုပ်စု၏ အစီအစဉ်ကို ရုရှားအနေဖြင့် လက်တုံ့ပြန်မည် ဖြစ်ကြောင်း သမ္မတပူတင်က ယနေ့တွင် သတိပေးလိုက်သည်။

သိမ်းဆည်းခံထားရသည့် ရုရှား၏ ပိုင်ဆိုင်မှုများမှရရှိသည့် အကျိုးအမြတ်များကို ယူကရိန်းအတွက် ချေးငွေအဖြစ်ပေးအပ်မည့် အစီအစဉ်ကို ရုရှားပိုင်ဆိုင်မှုများအား ခိုးယူမှုအဖြစ် သမ္မတပူတင်က ဝေဖန်ထားသည်။

ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အနောက်အုပ်စုနိုင်ငံများ၏ အကြံအစည်ကို ထိုသို့ ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မိမိတို့အနေဖြင့် ရုရှား၏ ပိုင်ဆိုင်မှုများ ခိုးယူခံရမှုကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယူကရိန်း စစ်ရေးပဋိပက္ခ ဖြစ်ပွားပြီးနောက် သိမ်းဆည်းခံထားရသည့် ရုရှားနိုင်ငံပိုင် ငွေကြေးများမှ အကျိုးအမြတ်များကို ယူကရိန်းအတွက် ချေးငွေပုံစံဖြင့် ထုတ်ပေးရန် G-7 အုပ်စုနိုင်ငံများက ဇွန် ၁၃ ရက်တွင် သဘောတူထားသည်။

အနောက်အုပ်စု၏ အဆိုပါ လုပ်ရပ်သည် အခြားမည်သည့် ကမ္ဘာ့နိုင်ငံမဆို အနောက်အုပ်စုနိုင်ငံများ၏ ပိုင်ဆိုင်မှုသိမ်းယူခြင်းများ၏ သားကောင်ဖြစ်လာနိုင်သည်ကို ပြသနေကြောင်း ရုရှားသမ္မတပူတင်က သုံးသပ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ကူဝိတ်မီးလောင်မှုတွင် သေဆုံးခဲ့သည့် နိုင်ငံသားများ၏ ရုပ်အလောင်းများ အိန္ဒိယသို့ ပြန်လည်သယ်ယူ

**ဒေလီ ဇွန် ၁၄**

ကူဝိတ်နိုင်ငံရှိ အလုပ်သမားများနေထိုင်ရာ အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့ရသော အိန္ဒိယနိုင်ငံသား ၄၅ ဦးတို့၏ ရုပ်အလောင်းများကို ပြန်လည် သယ်ဆောင်လာသည့် လေယာဉ်သည် ယနေ့တွင် အိန္ဒိယနိုင်ငံသို့ ဆိုက်ရောက်လာကြောင်း သိရသည်။

ကူဝိတ်နိုင်ငံ မင်းဂတ်ဖ်မြို့၌ ဇွန် ၁၂ ရက်က ဖြစ်ပွားခဲ့သည့် အဆောက်အအုံ မီးလောင်မှုတွင် သေဆုံးသူ ၄၉ ဦးရှိခဲ့ရာ ၄၅ ဦးမှာ အိန္ဒိယနိုင်ငံသားများ ဖြစ်ကြပြီး လေးဦးမှာ ဖိလစ်ပိုင်နိုင်ငံသားများ ဖြစ်သည်။

လျှပ်စစ်ဓာတ်ကြိုး ပြဿနာတစ်ရပ်ကြောင့် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း ကူဝိတ်တာဝန်ရှိသူများက ယူဆထားသည်။

မင်းဂတ်ဖ်မြို့အဆောက်အအုံ မီးလောင်မှုကြောင့် အိန္ဒိယနိုင်ငံသားများ သေဆုံးခဲ့ရပြီးနောက် ပြည်ပနိုင်ငံများရှိ အိန္ဒိယအလုပ်သမားများကို ပိုမိုအကာအကွယ်ပေးရန် သေဆုံးသူမိသားစုဝင်များက အိန္ဒိယအစိုးရထံ တိုက်တွန်းခဲ့ကြသည်။

ပြည်ပနိုင်ငံများ၌ အလုပ်လုပ်နေသည့် အိန္ဒိယအလုပ်သမားဦးရေ ၁၃ သန်းခန့်ရှိရာ ၆၀ ရာခိုင်နှုန်းကျော်မှာ ပင်လယ်ကွေ့ အာရပ်နိုင်ငံများ၌ အလုပ်လုပ်နေသူများ ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## ဟူသီသူပုန်တိုက်ခိုက်မှုကြောင့် ပျက်ဆီးခဲ့သည့် ကုန်တင်သင်္ဘောပေါ်မှ ရေယာဉ်ဝန်ထမ်းများကို ကယ်တင်ရန် ဖိလစ်ပိုင်အစိုးရကြိုးပမ်း

**မနီလာ ဇွန် ၁၄**

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စု၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂရိနိုင်ငံပိုင် ကုန်တင်သင်္ဘော တစ်စီးပေါ်မှ ရေယာဉ်ဝန်ထမ်းများကို ကယ်တင်ရန် ကြိုးစားနေကြောင်း ဖိလစ်ပိုင်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



တူတာအမည်ရှိ အဆိုပါ ကျောက်မီးသွေးတင်သင်္ဘောသည် ဇွန် ၁၃ ရက်က ယီမင်နိုင်ငံ ဟိုဒါဒါဆိပ်ကမ်းအနီး ရေပြင်အတွင်း ဟူသီသူပုန်များ၏ တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

ဟူသီသူပုန်အုပ်စု၏ တိုက်ခိုက်မှုကြောင့် တူတာသင်္ဘောအတွင်း ရေများဝင်ရောက်နေပြီး အင်ဂျင်ခန်း ပျက်စီးခဲ့ရာ သင်္ဘောမှာ ဆက်လက်ခုတ်မောင်းနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။

အဆိုပါ ကုန်တင်သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၂၂ ဦး လိုက်ပါလာရာ အများစုမှာ ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြသည်။

တူတာသင်္ဘော၏ ပျက်စီးမှုအတိုင်းအဆအရ မိမိတို့အနေဖြင့် ယနေ့တွင် ရေယာဉ်ဝန်ထမ်းများကို ကယ်တင်ရေးအတွက် ကြိုးစားနေပြီဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားသည်။

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုသည် အစ္စရေးနှင့် ဟားမတ်စ်စစ်ပွဲစတင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ ပင်လယ်နီရေလမ်းကြောင်းအတွင်း သွားလာနေသည့် သင်္ဘောများကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုချက် ဘတ်ငွေ ဘီလီယံ ၈၀၀ ထိ ရရှိနိုင်ကြောင်း ထိုင်းအစိုးရထုတ်ပြန်



**ဗန်ကောက် ဇွန် ၁၄**

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုချက် ဘတ်ငွေ အနည်းဆုံး ဘီလီယံ ၈၀၀ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇၈ ဘီလီယံ)ထိ ရရှိနိုင်ကြောင်း ထိုင်းအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံရရှိခဲ့သော ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တန်ဖိုးမှာ ယမန်နှစ် အလားတူကာလကထက် ၃၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ထိုင်းအစိုးရ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်းအစိုးရ၏ အဆိုအရ ယခုနှစ် ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံရရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တန်ဖိုးမှာ ဘတ်ငွေ ၂၂၈ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ် တစ်နှစ်လုံးတွင် တန်ဖိုးအားဖြင့် ဘတ်ငွေ ဘီလီယံ ၈၀၀ ထိရှိသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို လက်ခံရရှိနိုင်ကြောင်း ထိုင်းအစိုးရက ခန့်မှန်းထားသည်။

၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ဘတ်ငွေ ၈၄၈ ဘီလီယံထိ တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များရရှိခဲ့ရာ ငါးနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခဲ့သည့် နိုင်ငံများအနက် တရုတ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## မာလီနိုင်ငံတောင်ပိုင်း၌ တရားမဝင်ရွှေတွင်းပြိုကျမှုကြောင့် အနည်းဆုံး လူ ၂၂ ဦးသေဆုံး

**ဘာမာကို ဇွန် ၁၄**

မာလီနိုင်ငံတောင်ပိုင်း တရားမဝင်ရွှေတွင်းတစ်တွင်း၌ တွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ ရွှေတူးသမားအနည်းဆုံး ၂၂ ဦးသေဆုံးခဲ့ရကြောင်း ဇွန် ၁၃ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ တရားမဝင်ရွှေတွင်းပြိုကျမှုသည် ဇွန် ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း မာလီတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

တွင်းပြိုကျမှု ဖြစ်ပွားခဲ့သည့် တရားမဝင်ရွှေတွင်းသည် မာလီနိုင်ငံမြောက်ပိုင်း ကာလာနာဒေသ၌ တည်ရှိကြောင်း မာလီတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလကလည်း မာလီနိုင်ငံ အနောက်မြောက်ပိုင်း၌ တရားမဝင်ရွှေတွင်းတစ်တွင်း ပြိုကျခဲ့ရာ ရွှေတူးသမား ဦးရေ ၇၀ သေဆုံးခဲ့ရသည်။

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဝယ်လိုအားမြင့်တက်လာမှု၊ ရွှေတန်ဖိုး မြင့်တက်လာမှုတို့ကြောင့် အနောက်အာဖရိကနိုင်ငံများ၌ တရားမဝင် ရွှေတွင်း တူးဖော်မှုလုပ်ငန်းများ ပြီးခဲ့သည့်နှစ်အတွင်း အားကောင်းလာခဲ့သည်။

သို့ရာတွင် အနောက်အာဖရိက တရားမဝင်ရွှေတူးဖော်ရေးလုပ်ငန်းများမှ ခေတ်မမီသည့် တူးဖော်ရေးနည်းလမ်းများ အသုံးပြုနေရခြင်း၊ လုံခြုံရေးစည်းမျဉ်းများ လိုက်နာမှုမရှိခြင်းတို့ကြောင့် မတော်တဆမှုများအဖြစ်များလေ့ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်က ကမ္ဘာမြေနှင့်အနီးဆုံးကြယ်အုပ်စုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့



**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ချန်ဒရာအာကာသ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့်အနီးဆုံးကြယ်အုပ်စုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၁၃ ရက်သတင်းများအရ သိရသည်။

ဝက်စသာလန်း-၁ အမည်ရှိ အဆိုပါကြယ်အုပ်စုသည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၃၀၀၀ ခန့် အကွာတွင် တည်ရှိနေသောကြယ်အုပ်စုဖြစ်သည်။

အရွယ်အစားအားဖြင့် အချင်း အလင်းနှစ် ခုနစ်နှစ်ရှိသည့် ဝက်စသာလန်း-၁ ကြယ်အုပ်စုအတွင်းရှိ ကြယ်များ၏သက်တမ်းမှာ နှစ်ပေါင်း သုံးသန်းနှင့် ခြောက်သန်းကြားတွင်ရှိသော သက်နုကြယ်များဖြစ်ကြကြောင်း သိရသည်။

နာဆာ၏ ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါကြယ်အုပ်စုကို ၁၂ ရက်ကြာအချိန်ယူ လေ့လာခဲ့ရကြောင်း သိရသည်။

ဝက်စသာလန်း-၁ ကြယ်အုပ်စုကို လေ့လာခြင်းဖြင့် ကြယ်များဖွဲ့စည်းဖြစ်ပေါ်နေသည့် ကြယ်အုပ်စုများ၏ အတွင်းပိုင်းအခြေအနေကို နားလည်နိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဝက်စသာလန်း-၁ ကြယ်အုပ်စုအတွင်း ကြယ်များဖြစ်ပေါ်မှုနှုန်းမှာ အလွန်နှေးကွေးကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**
**Trs : KKO**

## လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၀၀ ခန့်က ဩစတြေးလျနိုင်ငံ၌ ကျက်စားခဲ့ဖူးသော တာရိုဆောရပ်စ်၏ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိ

**ကင်ဘာရာ ဇွန် ၁၄**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၀၀ ခန့်က ဩစတြေးလျနိုင်ငံ ကုန်းတွင်းပိုင်း၌ ရှင်သန်ကျက်စားခဲ့ဖူးသော တာရိုဆောရပ်စ်(**Pterosaurs**) ခေါ် မိုးပျံတွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဩစတြေးလျသိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ တာရိုဆောရပ်စ်မျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းကို ကွင်းစလန်းပြည်နယ် ရစ်ချ်မွန်မြို့ကျေးလက်နယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

မိမိတို့တွေ့ရှိထားရသည့် တာရိုဆောရပ်စ်သည် အရွယ်အစားအားဖြင့် တောင်ပံနှစ်ဖက် အလျား ၄ ဒသမ ၆ မီတာထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၀၀ ခန့်က ယနေ့ခေတ် ကွင်းစလန်းပြည်နယ်နေရာသည် ကုန်းတွင်းပင်လယ်တစ်ခုဖြစ်ခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



မိမိတို့တွေ့ရှိထားရသော တာရိုဆောရပ်စ်သည် **Haliskia Peteseni** မျိုးရင်းဝင်တာရိုဆောရပ်စ်ဖြစ်ကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားသည်။

**Haliskia Peteseni** တာရိုဆောရပ်စ်များသည် မီဇိုးအစ်ဘူမိခေတ်အတွင်း ဒိုင်နိုဆောများနှင့်အတူရှင်သန်ခဲ့သည့် ကမ္ဘာဦးသက်ရှိများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာအာကာသစခန်းပြင်ပသို့ အာကာသယာဉ်မှူးနှစ်ဦး ထွက်ခွာမည့်အစီအစဉ် အာကာသဝတ်စုံပြဿနာတစ်ရပ်ကြောင့် နာဆာ ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဇွန် ၁၄**

နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ အာကာသယာဉ်မှူးနှစ်ဦး ထွက်ခွာမည့်အစီအစဉ်ကို အာကာသဝတ်စုံ ပြဿနာတစ်ရပ်ကြောင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဖျက်သိမ်းခဲ့ရကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

နာဆာ အာကာသယာဉ်မှူးနှစ်ဦး ကတ်ဒ်ဝဲလ်ဒေဆင်နှင့် မက်သရူးဒေါမနစ်အနေဖြင့် ဇွန် ၁၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ အဏုဇီဝသက်ရှိများစုဆောင်းရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အာကာသယာဉ်မှူးတစ်ဦး၏ အာကာသဝတ်စုံပြဿနာတစ်ရပ်ကြောင့် အာကာသယာဉ်မှူးများ နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ မထွက်ခွာမီ တစ်နာရီအလိုတွင် အစီအစဉ်ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမည့်အာကာသယာဉ်မှူးနှစ်ဦးအနက် မည်သူ၏ အာကာသဝတ်စုံ၌ ပြဿနာရှိခဲ့သည်ကို နာဆာတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦး၏ နိုင်ငံတကာ အာကာသစခန်းပြင်ပ ထွက်ခွာချိန်သည် ၆ ဒသမ ၅ နာရီခန့်ကြာမြင့်နိုင်ကြောင်း သိရသည်။

နာဆာအာကာသယာဉ်မှူးများသည် ယခုနှစ်အတွင်း နိုင်ငံတကာ အာကာသစခန်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမှုသုံးကြိမ်ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ညနေပိုင်းလေ့ကျင့်ခန်းပြုလုပ်မှုက သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ထိရောက်စွာထိန်းချုပ်နိုင်

**မက်ဒရစ် ဇွန် ၁၄**

ညနေပိုင်းတွင် လေ့ကျင့်ခန်းပြုလုပ်မှုသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ထိရောက်စွာထိန်းချုပ်နိုင်ကြောင်း ဇွန် ၁၃ ရက်သတင်းများအရ သိရသည်။

စပိန်နိုင်ငံ ဂရာနာဒါတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ညနေ ၆ နာရီနှင့် ညသန်းခေါင်ယံကြား လေ့ကျင့်ခန်းပြုလုပ်မှုသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ထိရောက်စွာထိန်းချုပ်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ထိရောက်စွာထိန်းချုပ်ရေးအတွက် အချိန်ကာလအရေးပါနေသည်ကိုတွေ့ရကြောင်း စပိန်သုတေသန ပညာရှင်များက ပြောကြားသည်။

စပိန် သုတေသနပညာရှင်များသည် အဝလွန်နေသည့် သက်ကြီးပိုင်း ၁၈၆ ဦးတို့၏ လေ့ကျင့်ခန်းပြုလုပ်ပုံနှင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှု အဆင့်တို့ကို နှိုင်းယှဉ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ညနေ ၆ နာရီနှင့် သန်းခေါင်ယံကြား လေ့ကျင့်ခန်းပြုလုပ်သူများသည် အခြားအချိန်များတွင် လေ့ကျင့်ခန်းပြုလုပ်သူများထက် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ပို၍ထိရောက်စွာထိန်းချုပ်နိုင်သည်ကိုတွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ညနေ ၆ နာရီနှင့်သန်းခေါင်ယံကြား လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးသက်ရောက်မှုမှာ အမျိုးသားများနှင့်အမျိုးသမီးများကြား တူညီမှုရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကျောက်ကပ်ရောဂါခံစားနေရသည့် အမျိုးသမီးများ သွားဆုံးရှုံးမှုပုံမှန်ထက် မြင့်မားနိုင်

**ဆိုးလ် ဇွန် ၁၄**

နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသည့် သက်ကြီးပိုင်းအမျိုးသမီးများတွင် သွားဆုံးရှုံးမှုပုံမှန်ထက် မြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီကုန်ဆုံးပြီးသော ကျောက်ကပ်ရောဂါလူနာ အမျိုးသမီးများတွင် သွားအချောင်းရေ ၂၀ အောက်သာရှိနိုင်ခြေပုံမှန်ထက် ၄၀ ရာခိုင်နှုန်း မြင့်မားကြောင်း သိရသည်။


အစားအစာစားရန်နှင့် စကားပြောရန်အတွက် လူတစ်ဦးအနေဖြင့် အနည်းဆုံး သွားအချောင်း ၂၀ ထိ ရှိထားရန်လိုအပ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကျောက်ကပ်၏ သွေးကိုစစ်ထုတ်ပေးနိုင်စွမ်းသည် အမျိုးသမီးတစ်ဦး၏ အာခံတွင်းအတွင်းရှိ သွားအရေအတွက်နှင့် ဆက်စပ်နေသည်ဟု တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထို့ပြင် နာတာရှည်ကျောက်ကပ်ရောဂါသည် အရိုးကျန်းမာရေးနှင့် တွင်းထွက်ဓာတ်များ၊ ဓာတုတုံ့ပြန်မှုလုပ်ငန်းစဉ်များအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တောင်ကိုရီးယားသုတေသနပညာရှင်များသည် အမျိုးသမီး ၆၅၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြဒီဇာဘီကိုခန့်အပ်ရန် မာဆေးအသင်း သဘောတူညီမှုရရှိ

**ပဲရစ် ဇွန် ၁၄**

ဘရိုက်တန်အသင်း နည်းပြ ဒီဇာဘီသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပြီးဆုံးချိန်တွင် အသင်းနှင့် နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ပြီးနောက် ယခုအခါ ပြင်သစ်ကလပ် မာဆေးအသင်းကို တာဝန်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

မာဆေးအသင်းသည် အသက် ၇၀ ရှိ နည်းပြဂါဆက်ကို ယာယီ နည်းပြအဖြစ်ခန့်အပ်ခဲ့ရာ အသင်း အနေဖြင့် ခြေစွမ်းပိုင်းတိုးတက် လာခဲ့သောကြောင့် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အမှတ်ပေးဇယား အဆင့်(၈)နေရာသို့ ရောက်ရှိခဲ့ပြီး နည်းပြဂါဆက်အနေဖြင့် နည်းပြ ဘဝမှ အနားယူရန်ဆုံးဖြတ်ထားသူ ဖြစ်၍ မာဆေးအသင်း တာဝန်ရှိသူ များက ဒီဇာဘီကို နည်းပြသစ် အဖြစ်ခန့်အပ်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

နည်းပြဒီဇာဘီသည် ဘရိုက် တန်အသင်းအား ၂၀၂၂ ခုနှစ်တွင် စတင် တာဝန်ယူခဲ့ပြီးနောက် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အသင်းအား ပထမဆုံး ဥရောပပြိုင်ပွဲကစားခွင့် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၁၁) တွင်သာ ရပ်တည်နိုင်ခဲ့ပြီးနောက် ၎င်းအနေဖြင့် အသင်းနှင့် လမ်းခွဲ ခဲ့ပြီး နည်းပြအဖွဲ့ဝင်များအားလုံး သည်လည်း ၎င်းနှင့်အတူ ထွက်ခွာ ခဲ့ကြောင်း သိရသည်။

အသက် ၄၅ နှစ်ရှိ ဒီဇာဘီကို ကနဦးက မန်ယူအသင်းကခေါ်ယူ ရန် ဆွေးနွေးခဲ့သော်လည်း သဘော တူညီမှုမရခဲ့သဖြင့် မာဆေးအသင်း က နည်းပြသစ်ခန့်အပ်နိုင်ရန် ကြိုးပမ်းခဲ့ရာ အကြိုသဘောတူညီမှု ရရှိထားပြီး မကြာမီ အသေးစိတ် အချက်အလက်များကို ထုတ်ပြန်၍ အတည်ပြုလက်မှတ် ရေးထိုးမည် ဖြစ်သောကြောင့် ဒီဇာဘီသည် နည်းပြဘဝတွင် ပထမဆုံး ပြင်သစ် ကလပ်အသင်းကို စတင်တာဝန်ယူ မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းက နည်းပြဖွန်စီကာကို နည်းပြသစ်ခန့်အပ် ခဲ့ပြီးနောက် သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ ၂၀၂၃-၂၀၂၄ ပရီးမီးယားလိဂ် ဘောလုံးရာသီ ကစားသမား အပြောင်းအရွှေ့ ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လာမည့် ဩဂုတ် ၃၀ ရက်တွင် အပြောင်းအရွှေ့ပိတ်သိမ်းမည်ဖြစ် ကြောင်း သိရသည်။
- ❑ ဆီဗီလာတိုက်စစ်မှူး အန်ညက်ဆီရီအား စပါးအသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- ❑ လေဗာကူဆင်အသင်းက ဂျီရိုနာ ကွင်းလယ်ခံစစ်ကစားသမား ဂါစီယာကို ယူရို ၁၈ သန်းအပြင် အပိုဆုကြေး နှစ်သန်းပါဝင် သည့် ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆို ခဲ့သည်။
- ❑ ဘီလ်ဘာအိုအသင်းက ကွင်းလယ်ကစားသမား အန်ဒါဟာရဲရား ကို လာမည့် ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ ကြောင်း သိရသည်။

**ML**

# ဒေါ့မွန်အသင်းမှထွက်ခွာခဲ့ကြောင်း ဝါရင့်ကစားသမားဟမ်းမဲလ် ထုတ်ပြန်ကြေညာ



**ဘာလင် ဇွန် ၁၄**

ဒေါ့မွန်အသင်းမှ ဝါရင့်ခံစစ် ကစားသမား ဟမ်းမဲလ်သည် နည်းပြတာဇစ် ထွက်ခွာပြီးနောက် နာရီပိုင်းအကြာတွင် အသင်းမှ ထွက်ခွာခဲ့ကြောင်း အတည်ပြု ကြေညာခဲ့သည်။

ဒေါ့မွန်အသင်းသည် ဇွန်လ ကုန်တွင် အသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးမည့် ဟမ်းမဲလ် ကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ သက်တမ်းတိုးရန် သဘောတူညီမှု ရရှိထားသော်လည်း ကစားသမားအနေဖြင့် နည်းပြ တာဇစ် ထွက်ခွာပြီးနောက်ပိုင်း အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့ကြောင်း သိရသည်။

ဂျာမနီ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ နည်းပြတာဇစ်နှင့် ခံစစ်ကစားသမား ဟမ်းမဲလ်တို့ သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲမတိုင်မီ နည်းစနစ်ပိုင်းနှင့် ပတ်သက်၍ အခြေအနေ တင်းမာမှုများရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဒေါ့မွန်အသင်း က နည်းပြတာဇစ်နှင့်လမ်းခွဲကြောင်း ကြေညာခဲ့သဖြင့် နာရီပိုင်းအကြာ တွင် ခံစစ်ကစားသမား ဟမ်းမဲလ် ကလည်း အသင်းနှင့် ၁၄ နှစ်ကြာ လက်တွဲခဲ့မှုကို အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့သည်။

အသက် ၃၅ နှစ်ရှိ ခံစစ်ကစား သမား ဟမ်းမဲလ်သည် ၂၀၀၆ ခုနှစ် က ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစား သမားဘဝကို စတင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ပြိုင်ပွဲစုံ ၃၀၅ ပွဲ တွင် သွင်းဂိုး ၂၅ ဂိုး သွင်းယူနိုင်ခဲ့ သောကြောင့် ၂၀၁၆ ခုနှစ်တွင် ဘိုင်ယန်မြူးနစ် အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး ဘောလုံး ရာသီ သုံးရာသီကစားခဲ့ပြီးနောက် ဒေါ့မွန်အသင်းနှင့် ယနေ့ထိ ပြန်လည်ပူးပေါင်းခဲ့ပြီး အဆိုပါ အသင်းများနှင့်အတူ ဘွန်ဒက်လီဂါ ဆုဖလား ခြောက်ကြိမ်၊ ပိုကယ် ဖလား သုံးကြိမ်၊ စူပါဖလား ခြောက်ကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ရာဖေးလ်နာဒယ်ပြောကြား

**မက်ဒရစ် ဇွန် ၁၄**

ကမ္ဘာ့အဆင့်(၁) တင်းနစ် ကစားသမားဟောင်းဖြစ်သူ စပိန် တင်းနစ်ကစားသမား ရာဖေးလ် နာဒယ်သည် ၂၀၂၄ ခုနှစ် ပဲရစ် အိုလံပစ် အားကစားပွဲတော်တွင် စပိန်နိုင်ငံကိုယ်စားပြု အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားရန် ပစ်မှတ်ထား နေပြီး အိုလံပစ်အားကစားပွဲတော် အတွက်သာ အာရုံစိုက်လိုသည့် အတွက် လန်ဒန်မြို့တွင်ကျင်းပ မည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်သွားမည် မဟုတ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

**French Open** တင်းနစ်ပြိုင်ပွဲ တွင် ချန်ပီယံဆုကို ၁၄ ကြိမ်အထိ ဆွတ်ခူးရရှိထားသည့် ရာဖေးလ် နာဒယ်သည် လက်ရှိ ကမ္ဘာ့အဆင့် (၂)နေရာတွင် ရပ်တည်နေသည့် စပိန်လူငယ် တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် တွဲဖက်ကာ စပိန်နိုင်ငံအတွက် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ပါဝင် ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း လည်း အတည်ပြုပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့ဖူး သည့် ကစားသမားဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွင်း ဒဏ်ရာပြဿနာများ ဖြင့် ရုန်းကန်နေရသဖြင့် ပုံစံကောင်း ပျောက်ဆုံးကာ ၂၀၂၄ ခုနှစ် **French Open** တင်းနစ်ပြိုင်ပွဲတွင် ပထမ အဆင့်၌ပင် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူဖြစ်သည်။

ပဲရစ်အိုလံပစ် အားကစား ပွဲတော်၏ တင်းနစ်ပြိုင်ပွဲသည် မြေစေးကွင်းတွင် ကျင်းပသွားမည့် ပြိုင်ပွဲဖြစ်သည့်အတွက် မြေစေး ကွင်းဘုရင်အဖြစ် တင်စားခံထား ရသည့် ရာဖေးလ်နာဒယ် အတွက် လည်း အားသာချက်များရှိနေ သည့်အတွက်ကြောင့် မြက်ကွင်း တွင် ကျင်းပသွားမည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် မည်မဟုတ်ဘဲ မြေစေးကွင်းတွင် ကျင်းပမည့် ပဲရစ်အိုလံပစ် အားကစားပြိုင်ပွဲကိုသာ ဦးစားပေး



ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်က "လက်ရှိ ကာလက မြေစေးကွင်းရာသီကာလ ဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ မြက်ကွင်းမှာ ကျင်းပမဲ့ပြိုင်ပွဲမျိုးကို ချက်ချင်းဝင်ပြိုင်တာ အဆင်မပြေ ပါဘူး။ အိုလံပစ်အားကစားပွဲတော် က မြေစေးကွင်းမှာ ကျင်းပမှာဖြစ်တဲ့ အတွက် ကျွန်တော့်အတွက် အဆင် ပြေပါတယ်။ **French Open** တင်းနစ်ပြိုင်ပွဲ မတိုင်မီကတည်းက သတင်းထောက်တွေ ကျွန်တော့်ရဲ့ အစီအစဉ်တွေနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ကြတယ်။ ၂၀၂၄ ခုနှစ် အတွက် မြေစေးကွင်းမှာပဲ လေ့ကျင့် ထားတယ်။ ဒါကြောင့် မြေစေး ကွင်း ပြိုင်ပွဲတွေမှာပဲ ပါဝင်ယှဉ်ပြိုင် သွားဖို့ ဦးစားပေးသွားမှာဖြစ် တယ်" ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# 2024 MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ပရိသတ်များအဆင်ပြေစေရန် ညနေ ၅ နာရီခွဲသို့ ပြောင်းလဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် 2024 MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို လာရောက်ကြည့်ရှု အားပေးကြမည့် ပရိသတ်များ အဆင်ပြေစေရန်အတွက် ပွဲချိန်ကို ညနေ ၅ နာရီခွဲတွင် ပြောင်းလဲ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

2024 MNL League Cup ပြိုင်ပွဲကို ယခင်က ဇွန် ၁၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ မြန်မာနေရှင်နယ်လိဂ် ကော်မတီနှင့် 2024 MNL League Cup ပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့် ပေးနေသည့် Channel K ရုပ်သံ လိုင်းတို့က ပရိသတ်များ တစ်ခဲနက် လာရောက်အားပေးရာတွင် အဆင် ပြေစေရန်အတွက် ပွဲချိန်ကို နောက်ဆုတ်ပြီး ညနေ ၄ နာရီ အစား ညနေ ၅ နာရီခွဲသို့ ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

2024 MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစား သွားမည်ဖြစ်ပြီး ပြိုင်ပွဲပြီးပါက ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကာ ဗိုလ်လုပွဲ ကစားပုံများနှင့် ဆုပေးပွဲအခမ်း အနား ကျင်းပပုံများကို ပြည်တွင်း ရုပ်သံလိုင်းဖြစ်သည့် Channel K ရုပ်သံလိုင်းက တိုက်ရိုက်(Live) ထုတ်လွှင့် ပြသသွားမည်ဖြစ် ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃)ဆက်လက်ကျင်းပ



**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ရှိ ပဒုမ္မာ အားကစားကွင်းတွင် ISPE ယူ-၂၀ အသင်းနှင့် သစ္စာအားမာန် ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ ISPE ယူ-၂၀ အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE ယူ-၂၀အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် ၃၉ မိနစ်တွင် ရှိန်းကိုကိုဇော်ကလည်းကောင်း၊ ပွဲချိန် ၄၃ မိနစ်တွင် ကောင်းခန့်ကျော်ကလည်းကောင်း၊ ပွဲချိန် ၆၅ မိနစ်တွင် သန့်လွင်အောင်ကလည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက တောင်ဒဂုံ အားကစားကွင်းတွင် ဒဂုံစတား ယူ-၂၀ အသင်းနှင့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ဒဂုံစတား ယူ-၂၀ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတား ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် ခိုင်မြေ့ကျော်ကလည်းကောင်း၊ ပွဲချိန် ၈၃ မိနစ်တွင် အောင်ခန့်ကျော်က လည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) နောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၁၅ ရက် ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ Junior Lions အသင်းနှင့် ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# AFC Fitness Level - 1A Coaching Certificate Course သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၄**

အာရှဘောလုံး အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC Fitness Level - 1A Coaching Certificate Course သင်တန်းကို ယနေ့နံနက်ပိုင်းက ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ MFF နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ နည်းစနစ်ဒါရိုက်တာ Mr.Mita Michiteru၊ သင်တန်းနည်းပြဆရာ Mr. Fung Wing Sing Oliver နှင့် MFF မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နည်းစနစ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ နည်းစနစ်ဒါရိုက်တာ Mr.Mita Michiteru၊ သင်တန်းနည်းပြဆရာ Mr. Fung Wing Sing Oliver တို့က သင်တန်းဆင်းအဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

AFC Fitness Level - 1A Coaching Certificate Course သင်တန်းကို ယနေ့မှစတင်ကာ ဇွန် ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ နှစ်ဦး တက်ရောက်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# ၁၂၄ ကြိမ်မြောက် ယူအက်စ်အိုးပင်းပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အီလ်ရွိုင်းနှင့် ပက်ထရစ်ကန်တလေတို့ ပူးတွဲဦးဆောင်

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် ၁၂၄ ကြိမ်မြောက် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗ်အဘာက သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဒီချမ်ဘူနှင့် ပြင်သစ် ဂေါက်သီးရိုက်ကစားသမား ပါဗွန်တို့က သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

မက်အီလ်ရွိုင်းသည် ၂၀၁၁ ခုနှစ်တွင် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ဖူးသည့် ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ Bogey-free ရရှိထားသည့် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်ထားသူဖြစ်သည်။

မက်အီလ်ရွိုင်းက "ကျွန်တော့်ရဲ့ ကစားသမားဘဝအစမှာ အဓိကပြိုင်ပွဲတွေမှာ ရလဒ်မကောင်းခဲ့ပါဘူး။ ၂၀၁၁ ခုနှစ်ရောက်မှ ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲလို အရှိန်အဝါကြီးတဲ့ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးတယ်။ အဓိကဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်း ယုံကြည်မှုပိုရှိလာပြီး အောင်မြင်မှုတွေ ဆက်တိုက်ရခဲ့တယ်။ ဂေါက်သီးရိုက်အားကစားကတော့ အစပိုင်းမှာ အထနှေးတတ်တယ်။ အရှိန်တစ်ခုရပြီးရင်တော့ လမ်းကြောင်းတစ်ခုပေါ် ရောက်သွားတယ်။ ပြိုင်ပွဲတစ်ရပ်မှာ ပါဝင်ယှဉ်ပြိုင်ပြီ ဆိုရင်လည်း ပထမနေ့က အရမ်းအရေးကြီးတယ်။ အခု ဒီနေ့မှာ အကောင်းဆုံးရလဒ်တစ်ခုနဲ့ စတင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ယုံကြည်မှုလည်း မြင့်တက်လာတယ်။ နောက်ရက်တွေမှာလည်း အခုလိုရလဒ်ကောင်း ရအောင် ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အဲဗာတန်အသင်းမှ ဘရန့်ဝိတ်ကိုခေါ်ယူရန် မန်ယူအသင်း အခက်တွေ့နေ




**မန်ချက်စတာ ဇွန် ၁၄**

မန်ယူအသင်းက အဲဗာတန် အသင်းမှ လူငယ်ခံစစ်ကစားသမား ဘရန့်ဝိတ်ကိုခေါ် ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသော်လည်း အဲဗာတန်အသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးကြောင့် အခက်တွေ့နေရကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဘရန့်ဝိတ်သည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးအများစု စောင့်ကြည့်နေသည့်အတွက် မန်ယူအသင်းက လက်ဦးမှုရယူနိုင်ရန် ပြီးခဲ့သည့်ရက်ပိုင်းက အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးအတွက် ဆက်လက် ဆွေးနွေးနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး အသင်းခံစစ်ပိုင်းတွင် ဗာရာနီ အနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့သကဲ့သို့ လင်ဒီလော့ဖ်နှင့် မက်ဂွါယာတို့ကိုလည်း အရောင်းစာရင်းတင်သွင်းထားပြီး သင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချရန် စီစဉ်ထားသည့်အတွက် ကစားသမားသစ်များနှင့် အစားထိုးရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းက ဘရန့်ဝိတ်၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၅၀၀၀၀ ဖြင့် သဘောတူညီမှု ရရှိခဲ့သော်လည်း အဲဗာတန်အသင်းက အပြောင်းအရွှေ့စတာလင်ပေါင် သန်း ၈၀ ထိ အလိုရှိနေခြင်းကြောင့် မန်ယူအသင်းအနေဖြင့် အခက်ကြုံနေရပြီး အသင်းမှ ကစားသမားများ ရောင်းချပြီးမှသာ ဘရန့်ဝိတ်ကို ခေါ်ယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# စတုဂတ်ခံစစ်ကစားသမား အီတိုကို ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူ




**ဘာလင် ဇွန် ၁၄**

ဘိုင်ယန်မြူးနစ် အသင်းသည် ခံစစ်ပိုင်း လိုအပ်ချက်အတွက် စတုဂတ်အသင်း ခံစစ်ကစားသမား အီတိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမား အီတိုသည် ဂျပန်ဂျေလိဂ်မှ စတုဂတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးရာသီ နှစ်ရာသီ ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၆၆ ပွဲတွင် သွင်းဂိုးတစ်ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီ ကုန်ဆုံးကတည်းက ခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား အီတိုသည် ဗဟိုခံစစ်ပိုင်းတွင် သာမက ဘယ်တောင်ပံ ခံစစ်ပိုင်းနှင့် ကွင်းလယ်ခံစစ်တို့တွင်လည်း ပါဝင်ကစားနိုင်သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက စတုဂတ်အသင်းအား ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက အသင်း၏ ကစားကွက်နှင့် ကိုက်ညီမှုရှိသည့်အတွက် အီတိုကို လေးနှစ်စာချုပ်ချုပ်ဆို၍ ခေါ်ယူခဲ့ကြောင်း သိရသည်။

ဘောလုံးရာသီ ၁၂ ရာသီ ဆက်တိုက် ဆုဖလားရရှိခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက တိုက်စစ် ကစားပုံ ထက်မြက်ခဲ့သော်လည်း ခံစစ်ပိုင်း လိုအပ်ချက်များကြောင့် အမှတ်ပေး ပြိုင်ပွဲတွင်လည်း ဆုဖလားနှင့် လွဲချော်ခဲ့ရပြီး လေဗာကူဆင်၊ စတုဂတ်တို့နောက်တွင် အဆင့်(၃)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ရကဲ့သို့ အခြားဖလားပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့်အတွက် ဖလားလက်မဲ့ ရာသီနှင့် ကြုံတွေ့ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# တန်ဖိုးရှိသောအသက်များကယ်တင်နိုင်ဖို့ သွေးလှူဒါန်းကြပါစို့




နှစ်စဉ် ဇွန် ၁၄ ရက်သည် ကမ္ဘာ့သွေးလှူရှင်များနေ့ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများသည် ဇွန်၁၄ရက် သောကြာနေ့တွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်သည် **"20 years of celebrating giving: thank you blood donors!"** "နှစ် ၂၀ ကြာ သွေးလှူဒါန်းလာသည့် ကျေးဇူးတင်ထိုက်သူများ"ဟု အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ လူသားတို့၏ အသက်များကို ကယ်တင်ရန်အတွက် ငွေကြေးကိုပဓာနမထားဘဲ စေတနာသန့်သန့်ဖြင့် သွေးလှူဒါန်းနေသူများအား ကျေးဇူးတင် ထုတ်ဖော်ဂုဏ်ပြုခြင်းနှင့် သွေးလိုအပ်နေသောလူနာများအတွက် အရည်အသွေးပြည့်မီသည့်သွေးများ ပုံမှန်လှူဒါန်းပေးသွားရန်၊ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများကို တိုက်တွန်းအားပေးရန်ဆိုသောကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို နှစ်စဉ်ကျင်းပနေခြင်းပင်ဖြစ်သည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများသည် ၁၈၆၈ ခုနှစ်တွင် ဇွန် ၁၄ ရက်တွင် မွေးဖွားခဲ့ပြီး A၊ B၊ O သွေးအုပ်စုအမျိုးအစားများကို ရှာဖွေတွေ့ရှိခဲ့သည့် ဩစတြီးယားသိပ္ပံပညာရှင် **Karl Landsteiner** ကိုဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သည့် နှစ်စဉ် ဇွန် ၁၄ ရက်တွင် ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပပေးခြင်းလည်းဖြစ်သည်။ **Karl Landsteiner** သည် ၁၉၃၀ ပြည့်နှစ်တွင် ဆေးပညာဆိုင်ရာ နိုဘယ်ဆုရရှိခဲ့သည်။ စေတနာရှင်များ၏သွေးလှူဒါန်းမှုကြောင့် နှစ်စဉ်လူသန်းပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်လျက်ရှိသည်။ သွေးသွင်းပေးခြင်းသည် အသက်အန္တရာယ်စိုးရိမ်နေရသော လူနာများကို ကယ်တင်ပေးနိုင်သည့်အပြင် ထိုလူနာများကို သက်တမ်းပိုမိုကြာရှည်စွာ နေနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေသည်။ ထို့ပြင် သွေးသည် ကမ္ဘာတစ်ဝန်းတွင် ဆောင်ရွက်လျက်ရှိသော ဆေးဘက်ဆိုင်ရာ ခွဲစိတ်မှုများတွင် ကြုံတွေ့နေရသည့်အခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်သည်။ သွေးလှူဒါန်းခြင်းသည် အမျိုးသမီးများ မီးမဖွားမီနှင့် မီးဖွားပြီးအချိန်တို့တွင် အရေးပေါ်သွေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး မိခင်နှင့်ကလေးနှစ်ဦးစလုံး၏ အသက်ကိုပင် ကယ်တင်နိုင်ပေသည်။

သွေးအားနည်းနေသူအမျိုးသမီးများ၊ ကလေးများ၊ မတော်တဆထိခိုက်မှုကြောင့် အလွန်အကျွံသွေးထွက်နေသူများ၊ ခွဲစိတ်လူနာများ၊ ကင်ဆာရောဂါသည်များအပါအဝင် သွေးနှင့်ဆက်စပ်သည့် အခြားရောဂါသည်များ၏အသက်ကို ကယ်တယ်နိုင်ရန်အတွက်လည်း စေတနာရှင်များက လှူဒါန်းထားသောသွေးများကိုသာ အရေးပေါ်အသုံးပြုရလျက်ရှိသည်။ ကမ္ဘာ့သွေးလှူရှင်များနေ့ကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။

(၁) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ကမ္ဘာတစ်ဝန်းရှိ စေတနာအလျောက်သွေးလှူရှင်များနှင့် ငွေကြေးအခမဲ့ သွေးလှူရှင်များထံမှ လုံလောက်သောသွေးရရှိရေးရည်မှန်း ဆောင်ရွက်ရန်။

(၂) ကမ္ဘာပေါ်တွင် နိုင်ငံ ၆၂ နိုင်ငံသာလျှင် စေတနာအလျောက်နှင့် အခမဲ့သွေးလှူရှင်များ လှူဒါန်းထားသည့်သွေးကို ရရှိနိုင်ပြီး နိုင်ငံ ၄၀ သည် လူနာ၏မိသားစုများ သို့မဟုတ် ငွေပေးဝယ်ယူရသည့်သွေးကိုသာ မှီခိုနေရဆဲဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ ကျန်နိုင်ငံများတွင် စေတနာအလျောက် သွေးလှူဒါန်းသူများအား အရှိန်မြှင့် စည်းရုံးနှိုးဆော်ဆောင်ရွက်သွားရန်။

(၃) သွေးလှူဒါန်းမှုပြုလုပ်ခြင်းဖြင့် လူနာများကို ဘဝသစ်ရရှိအောင် ဖန်တီးပေးသွားရန်။

(၄) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် နှလုံးဆက်လက်ခုန်နိုင်ရန်အတွက် အရေးပေါ်သွေးလိုအပ်နေသူများ ရှိနေကြောင်းကို အလေးထားတင်ပြလျက် နိုင်ငံပေါင်းစုံမှ လုပ်ရှားဆောင်ရွက်သူများအား စည်းရုံးဆောင်ရွက်သွားရန်။

(၅) အသက်သန်းပေါင်းများစွာကို ကယ်တင်မှုအတွက် ကမ္ဘာတစ်ဝန်းရှိ စေတနာအလျောက်နှင့် အခမဲ့သွေးလှူရှင်များကို ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ချီးကျူးနိုင်ရန်။

(၆) ကမ္ဘာတစ်ဝန်းတွင် စေတနာအလျောက်နှင့် အခမဲ့သွေးလှူရှင်များ ရာနှုန်းပြည့်ပေါ်ထွန်းလာစေရန်။

(၇) မိခင်များနှင့် ကလေးများ၏ အသက်ကို ကယ်တင်ရန်အတွက် ဘေးကင်းသော သွေးလှူဒါန်းပေးနိုင်ရေး သွေးလှူရှင်များအား နှိုးဆော်တိုက်တွန်းသွားရန်။

(၈) သွေးဖူလုံမှုမရှိခြင်းကြောင့် ဖြစ်ပေါ်သည့် မွေးဖွားစဉ်သေဆုံးမှုနှုန်း လျှော့ချသွားနိုင်ရန်။(ကိုယ်ဝန်ဆောင်စဉ်အာဟာရမပြည့်ဝခြင်း၊ မွေးဖွားမှုနှင့်ဆက်စပ်သည့်ရောဂါများ၊ ကလေးမွေးဖွားစဉ် သို့မဟုတ် မွေးဖွားပြီးအချိန်တို့တွင် သွေးထွက်လွန်ခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နေ့စဉ် အမျိုးသမီးဦးရေ ၈၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိသည်။)

(၉) သွေးသွင်းပေးမှုလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်စေရန်အလို့ငှာ ပညာပေးအစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများမှတစ်ဆင့် စေတနာအလျောက် သွေးလှူဒါန်းသူများအား စည်းရုံးနှိုးဆော်တိုက်တွန်းသွားရန်။

မြန်မာနိုင်ငံတွင်လည်း သွေးလှူရှင်များ၏ အဖိုးတန်သွေးများကို ထိန်းသိမ်းထားနိုင်ရန် သွေးလှူဘဏ်ဖွင့်လှစ်ထားရှိသည်။ သွေးလက်ခံမည့်သူများ ဘေးကင်းလုံခြုံမှုအတွက် သွေးလှူရှင်များကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရသည်။ ထိုသို့ ကျန်းမာရေးစစ်ဆေးရာတွင် သွေးသွင်းခြင်းမှတစ်ဆင့် ကူးစက်နိုင်သည့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါနှင့် ဌက်ဖျားရောဂါအပါအဝင် အခြားကူးစက်နိုင်သောရောဂါပိုးများ ရှိ၊ မရှိကိုပါ စစ်ဆေးရသည်။ ထို့ပြင် သွေးလှူဒါန်းမည့်သူသည် ကူးစက်ရောဂါဖြစ်ပွားနေသောနိုင်ငံများမှ ပြန်လာသူ ဟုတ်၊ မဟုတ်ကိုလည်း စစ်ဆေးရသည်။ သွေးလှူဒါန်းခြင်းကြောင့် ဖြစ်ပွားလာနိုင်သည့် ဆင့်ကဲဖြစ်စဉ်များကို ကာကွယ်ရန်အတွက် သွေးလှူရှင်၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးမေးခွန်းများကိုလည်း မေးမြန်းလေ့ရှိသည်။

ပုံမှန်သွေးလှူရှင်များအတွက် နိုင်ငံအလိုက်ကာလသတ်မှတ်ချက်များ ရှိပေသည်။ သာဓကအနေဖြင့် ဟောင်ကောင်တွင် အမျိုးသားများသည် သုံးလတစ်ကြိမ် လှူဒါန်းနိုင်ပြီး အမျိုးသမီးများသည် လေးလတစ်ကြိမ် လှူဒါန်းခွင့်ရှိသည်။ အသက် ၁၆ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များသည် ခြောက်လတစ်ကြိမ် လှူဒါန်းခွင့်ရှိကြသည်။ အမေရိကန်နိုင်ငံတွင် သွေးလှူဒါန်းမှု တစ်ကြိမ်ပြုလုပ်ရန် ရက်သတ္တပတ် ရှစ်ပတ် (၅၆ ရက်)သာ စောင့်ဆိုင်းရသည်။ မြန်မာနိုင်ငံတွင်မူ လေးလတစ်ကြိမ် လှူဒါန်းခွင့်ပြုထားသည်။

နိုင်ငံတော်အစိုးရသည် သွေးအကြိမ်ကြိမ်လှူဒါန်းထားသူများအား ချီးကျူးဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်များ ချီးမြှင့်ပေးလျက်ရှိသည်။ လူတစ်ဦးသည် မိမိ၏အသွေးအသားကို အခြားသူအား ဖောက်၍ပေးနိုင်ရေးအတွက် မြင့်မြတ်သော အခြေခံစိတ်ဓာတ်ရှိရန် လိုအပ်ပေသည်။ သွေးလှူဒါန်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပီတိသည် အခြားမည်သည့်အရာနှင့်မျှ အစားထိုး၍မရနိုင်ချေ။ ထို့ပြင် လူတိုင်းသွေးလှူဒါန်းခွင့်မရရှိနိုင်သလို လှူဒါန်းလိုစိတ်လည်း မရှိကြချေ။ ကမ္ဘာပေါ်တွင် တစ်ကြိမ်တစ်ခါမျှပင် သွေးလှူဒါန်းဖူးခြင်းမရှိသောသူများ မြောက်မြားစွာရှိနေပေသည်။ ထို့ကြောင့် အရေးပေါ် သွေးလိုအပ်နေသူများ၏ အသက်ကို ကယ်တင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သော ကျွန်ုပ်တို့အားလုံး သွေးလှူသွားသင့်သည်။

မြန်မာနိုင်ငံတွင် ရဟန်းသံဃာတော်များဦးဆောင်သည့် ပရဟိတအဖွဲ့များအပါအဝင် သွေးလှူရှင်အသင်းများ မြောက်မြားစွာပေါ်ထွန်းလာသည့်အတွက် သွေးလိုအပ်နေသောပြည်သူများ အဆင်ပြေချောမွေ့နေသဖြင့် များစွာစိတ်ချမ်းသာရသည်။ သွေးလှူရှင်များပေါ်ထွန်းရေးအတွက် အထိမ်းအမှတ်ပွဲများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သတင်းမီဒီယာများတွင် ပုံနှိပ်ထုတ်ဝေဖော်ပြပေးခြင်း၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများပြုလုပ်ခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်း၊ အခြေခံပညာကျောင်းများမှသည် တက္ကသိုလ်များထိ ပညာပေးစည်းရုံးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူထုစိတ်ပါဝင်စားလာအောင် စည်းရုံးလှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်သွားသင့်သည်။

ဆိုရလျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် အရေးပေါ်သွေးလိုအပ်နေသူများ၏ အသက်ကိုကယ်တင်နိုင်ရန်အတွက် စေတနာအလျောက် သွေးလှူဒါန်းသူများအား ဂုဏ်ပြုသောအားဖြင့် ၂၀၀၄ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် ဇွန် ၁၄ ရက်တွင် ကမ္ဘာ့သွေးလှူရှင်များနေ့အခမ်းအနားများ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထို့ကြောင့် ကျန်းမာရေးကောင်းမွန်သော ကျွန်ုပ်တို့အားလုံးသည် အရေးပေါ်သွေးလိုအပ်နေသူများ၏ တန်ဖိုးရှိသောအသက်များကို ကယ်တင်နိုင်ရန်အတွက် သွေးလှူဒါန်းသွားကြပါစို့ဟု အကြံပြုတိုက်တွန်းလျက် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။


❖ မြန်မာနိုင်ငံတွင်လည်း သွေးလှူရှင်များ၏ အဖိုးတန်သွေးများကို ထိန်းသိမ်းထားနိုင်ရန် သွေးလှူဘဏ်ဖွင့်လှစ်ထားရှိသည်။ သွေးလက်ခံမည့်သူများ ဘေးကင်းလုံခြုံမှုအတွက် သွေးလှူရှင်များကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရသည်။ ထိုသို့ ကျန်းမာရေးစစ်ဆေးရာတွင် သွေးသွင်းခြင်းမှတစ်ဆင့်ကူးစက်နိုင်သည့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါနှင့် ငှက်ဖျားရောဂါအပါအဝင် အခြားကူးစက်နိုင်သောရောဂါပိုးများ ရှိ၊ မရှိကိုပါ စစ်ဆေးရသည်။ ထို့ပြင် သွေးလှူဒါန်းမည့်သူသည် ကူးစက်ရောဂါဖြစ်ပွားနေသော နိုင်ငံများမှပြန်လာသူ ဟုတ်၊ မဟုတ်ကိုလည်း စစ်ဆေးရသည်။ ❖

**ကိုးကား**

- **World Blood Donor Day 2024 | Theme and Facts | Twinkl**
- **Karl Landsteiner - Search (bing.com)**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# သဘင်သည်မြနှင်းဆီ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လဒုတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် ဇွန် ၁၄**

စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သဘင်သည်မြနှင်းဆီ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လဒုတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဆက်က ပြောပြ၍ သိရသည်။

သဘင်သည်မြနှင်းဆီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ကိုဆက်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုဆက်က စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း၊ အဆိုပါဇာတ်ကားသည် fortune tv ရုပ်သံလိုင်းတွင် ပြသခဲ့ပြီးဖြစ်သည့် သဘင်သည်မြနှင်းဆီ ဇာတ်လမ်းတွဲ၏ အပိုင်း(၂)ဖြစ်ကြောင်း သိရသည်။

"သဘင်သည်မြနှင်းဆီ Series 2 ကို ထုတ်လုပ်သူတွေနဲ့ ညှိနှိုင်းပြီးတော့ ရုပ်ရှင်ကားအနေနဲ့ရုံတင်ပြဖို့ရှိပါတယ်။ ဩဂုတ် ၁၆ ရက်မှ ရုံတင်ပြသခွင့် ရမှာဖြစ်ပါတယ်။ ရုံတင်ပြသပြီးရင်တော့ သဘင်သည်မြနှင်းဆီ Series 2 Full Version ကို ဇာတ်လမ်းတွဲအနေနဲ့ fortune tv ရုပ်သံလိုင်းက ပြန်လွှင့်ပေးအုံးမှာပါ"ဟု ဒါရိုက်တာ ကိုဆက်က ပြောပြသည်။

သဘင်သည်မြနှင်းဆီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မင်းဆက်သစ်၊ စည်သူအုပ်စိုး၊ ကောင်းထက်ပိုင်၊ မျိုးဇေယျာဝင်း၊ စင်ဒီမြတ်၊ ယွန်းသဒ္ဒါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# Possession(1981) ဇာတ်ကားကို ဒါရိုက်တာပတ်ကာဖင်း ပြန်လည်ရိုက်ကူးရန်စီစဉ်

**နယူးယောက် ဇွန် ၁၄**

၁၉၈၀ ပြည့်နှစ်အတွင်း ကျော်ကြားခဲ့သည့် Possession(1981) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးရေးအတွက် မင်းသား ရောဘတ်ပက်တင်ဆန်နှင့် ဒါရိုက်တာ ပတ်ကာဖင်းက စီစဉ်နေကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

Possession (1981) သည် စိတ္တဇထိတ်လန့်သည်းဖို ဇာတ်ကားအမျိုးအစားဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးရေးအတွက် ဇာတ်ညွှန်းရေးသားမှုလုပ်ငန်း စတင်နေပြီဖြစ်သည်။

Possession ဇာတ်ကားသစ်အတွက် ထုတ်လုပ်သူအဖြစ် မင်းသား ရောဘတ်ပက်တင်ဆန်က တာဝန်ယူမည်ဖြစ်ပြီး ကိုယ်တိုင်လည်း သရုပ်ဆောင်ဖွယ်ရှိသည်။

Possession ဇာတ်ကားကို ဒါရိုက်တာ ပတ်ကာဖင်းက ကိုယ်တိုင်ဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင် ရိုက်ကူးမည်ဖြစ်ပြီး ဒါရိုက်တာ ပတ်ကာဖင်းသည် ကမ္ဘာကျော် Smile (2022)ထိတ်လန့်သည်းဖို ဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အစွဲ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြီးစီး

**ရန်ကုန် ဇွန် ၁၄**

Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အစွဲ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြီးစီးပြီဖြစ်ကာ ရုံတင်ပြသနိုင်ရန် စီစဉ်နေကြောင်း အဆိုပါဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ အာကာစိုးဦးက ပြောပြ၍ သိရသည်။

အစွဲ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ အာကာစိုးဦးက ရေးသားထားပြီး ဇာတ်ညွှန်းကို အာကာစိုးဦး၊ ဇေယျတု၊ ဟင်နရီစောထွန်းတို့က ရေးသားထားကာ ဒါရိုက်တာ အာကာစိုးဦးက Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ကျွန်တော့်ရဲ့ ပထမဆုံးရုပ်ရှင်ကားဖြစ်လို့ အများကြီးကြိုးစားထားပါတယ်။ ဇာတ်ညွှန်းပိုင်းကို အဓိကပြင်ဆင်ထားပါတယ်။ ခံစားချက်ကတော့ လူငယ် ဒါရိုက်တာတစ်ယောက်က ဇာတ်လမ်းဇာတ်အိမ်နဲ့ ဇာတ်ညွှန်းကို သေချာစနစ်တကျစီစဉ်ပြီး ဖန်တီးထားတဲ့ အနုပညာလက်ရာတစ်ခုကို ရုပ်ရှင်ကြည့်ပရိသတ်တွေဆီ ပို့ပေးချင်နေပြီ။ ကြောက်ရမယ်။



စိတ်ဝင်စားစရာ ကောင်းမယ်။ ဝမ်းနည်းရမယ်။ နှလုံးသားနုတဲ့သူတွေဆို မျက်ရည်ကျလောက်တဲ့ထိ ဖြစ်စေမဲ့ဇာတ်ကားလေးပါ။ ရုပ်ရှင်ရုံကထွက်တာနဲ့ ရင်ထဲခံစားချက်တွေအပြည့်နဲ့ အိမ်ပြန်ရမဲ့ဇာတ်ကားတစ်ကားပါ"ဟု ဒါရိုက်တာ အာကာစိုးဦးက ပြောပြသည်။

အစွဲ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လွှမ်းပိုင်၊ မင်းဘုန်းမြတ်၊ မေမြင့်မိုရ်၊ မှူးထိပ်ထား၊ စွမ်းထက်အောင်၊ ပိုင်စိုးသူ၊ နေရှိုင်း၊ ဒီမိုးစက်၊ စိုးမိုးကြည်၊ မိုခမ်း၊ ခင်စန်းဝင်း၊ ချိုမဒီသွင်၊ ဂျီဂျီး၊ အထူးဧည့်သည် သရုပ်ဆောင် ခင်ဇာခြည်ကျော်၊ ကလေးသရုပ်ဆောင် ဒီလရောင်၊ ယွန်းမီမီဇော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကား Lionsgate အတွက် အအောင်မြင်ဆုံးဖြစ်လာနိုင်

**နယူးယောက် ဇွန် ၁၄**

ကမ္ဘာကျော် ပေါ့ဘုရင်ကြီး မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားသည် Lionsgate ရုပ်ရှင်ကုမ္ပဏီအတွက် အအောင်မြင်ဆုံး အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားဖြစ်လာနိုင်ကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

ပရိသတ်များ၏ သည်းသည်းလှုပ်အားပေးနေမှုပုံစံအရ မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိဇာတ်ကားမှာ Lionsgate ကုမ္ပဏီအတွက် အအောင်မြင်ဆုံး အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်လာနိုင်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ဖြန့်ချိရေးဌာန ဥက္ကဋ္ဌ ဂျင်ပက်ကားက သုံးသပ်ထားသည်။

Lionsgate ကုမ္ပဏီသည် Bohemian Rhapsody နှင့် Elvis ကဲ့သို့ ကမ္ဘာကျော်အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ခဲ့သော ကုမ္ပဏီဖြစ်ပြီး Michael ဟူ၍ အမည်ပေးထားသည့် မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိ ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီဖူကွားက ရိုက်ကူးပေးထားကာ မိုက်ကယ်ဂျက်ဆင်၏တူ ဂျာဖာဂျက်ဆင်က မိုက်ကယ်ဂျက်ဆင်အဖြစ် သရုပ်ဆောင်ထားသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Michael ဇာတ်ကားကို ရိုက်ကူးရေးအတွက် အမေရိကန်ဒေါ်လာသန်း ၁၃၀ ထိ သုံးစွဲထားကြောင်း သိရသည်။

**Ref: Sputnik News**

**Trs: KKO**




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများ၏သားသမီးများကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ပံ့ပိုးကြေးပေးအပ်မည်

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ပံ့ပိုးကြေးပေးအပ်ပွဲကို ဇွန် ၂၂ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ပညာသင်ပံ့ပိုးကြေးပေးအပ်ရာတွင် ပညာသင်ပံ့ပိုးကြေးသာမက ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေးကိရိယာများကိုပါ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကတော့ ကျွန်တော်တို့ ဟိုတုန်းကတည်းက ရှိခဲ့တဲ့ အစဉ်အလာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ အစဉ်အလာတိုင်း ကျောင်းနေအရွယ်ကလေးတွေရှိနေတဲ့ ရုပ်ရှင်လောကသားတွေကို ကူညီပံ့ပိုးပေးဖို့ အစီအစဉ်တွေ လုပ်ဆောင်နေပါတယ်။ ရုပ်ရှင်အစည်းအရုံးနဲ့အတူ အလှူရှင်၊ စေတနာရှင်တွေပူးပေါင်းပါဝင်မှုနဲ့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ထမင်းချိုင့်၊ ထီး စသဖြင့် ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအနက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပံ့ပိုးမှု လိုအပ်သူအားလုံးကို ရရှိစေရန် စီစဉ် ဆောင်ရွက်ထားပြီးဖြစ်ကာ အဆိုပါအစီအစဉ်တွင် ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးမှ လောကသားအားလုံး အကျုံးဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဧပြီလအတွင်းကလည်း ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးမှ ရုပ်ရှင်လောကသားများကို ဆန်၊ ဆီအပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်များကို ၁၂ ကြိမ်မြောက်အဖြစ် ပံ့ပိုးပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ASH

# Pilgrimage time to be extended for Shwedagon Pagoda


The Shwedagon Pagoda crowded with pilgrims.

**Yangon June 14**

As number of pilgrims to Shwedagon Pagoda increases, members of the Pagoda Board of Trustees will extend the duration of pilgrimage for visitors, according to the trusteeship board.

A member of the board U Bo Thin stated that at present, the pagoda is opened from 5 am to 9 pm for conenience of visitors from 1 January 2024. Moreover, the board plans to extend pilgrimage timemore starting from 4 am to 10 pm on a daily basis beginning 21 June.

"We will extend pilgrimage time due to increasing number of pilgrims. It will be from 4 am to 10 pm. Some 20,000 pilgrims visit the pagoda on office days daily. On weekends, number of travellers to the pagoda will be from 40,000 to 50,000 daily. We have instaled CCTVs for safe and convenient travelling of visitors at the pagoda," he added.

The pagoda board of trustees plans to host the Maha Thamaya Day on fullmoon of Nayon, 21 June when the time frame of visit will be extended for visitors.

On the Maha Thamaya Day, members of the religious associations and staff of the board will recite Desana of the MAha Thamaya Day and disperse Metta to all. Then, they will beat bells on the platforms three times before reciting Buddha Sasama Ciram Titthatu.

ASH

# Course on basic artificial fish insemination purposed for local fish farmers in Mandalay Region

**Mandalay June 14**

According to U Tun Naung Win, assistant director of Thayetgon fishing camp in Mandalay Region, a plan is underway to conduct a basic artificial fish insemination course for local fish farmers in Mandalay Region.

The course aims to enhance capacity of fish farmers to know systematic fish farming for freshwater fish, prevent diseases of fish from feeds and produce aquafeeds on self-reliant basis.

The course will admit 20-25 trainees, and it will provide practical and theoretical works to the trainees free of charge.

"We will recruit fish farmers interested in fish farming process. It will be conducted in the last week of June. The training will comprise subjects for fish farming concerning Shwewa surgeon, rohu and barbus. Technicians from the camp will give lectures to trainees for two days. Moreover, those technicians will give necessary advice to training farmers in their fishing businesses," he explained.


A demonstration of artificial fish insemination.

The course will be conducted in line with the directive of the Fisheries Department. The course will comprise insemination of Shwewa sturgeon and floating cage farming. Thanks to the training, fish farmers will enhance their capacity to breed fingerlings and produce quality fish species to the market.

185

# Maize from hilly region fetches good prices in the market

**Mandalay June 14**

Maize from hilly regions flows into Thiri Marlar green grocery market in Aungmyethazan District of Mandalay, fetching good prices, according to local maize brokers.

About 7-8 truckloads of maize from PyinOoLwin and Nawnghkio regions enter Thiri Marlar green grocery in Mandalay on a daily basis. At present, 30-viss bag of maize fetches K45,000 to K50,000, said U Aung Moe Naing, owner of Aung brokerage in Mandalay.

He explained, "Maize is in high demand at the market. PyinOoLwin and Nawnghkio send maize to Mandalay market. Merchants buy bags of maize. The strains of maize which come from regions are 702, 135 and 99 strains. Now, hilly maize enters the market daily. Other green groceries are also in high demand."

Now, green grocery market is open as usual. It opens from 4 am to 8 pm daily.

185

# UN Central Sahel mission ends Niger visit

**New York June 14**

A high-level UN fact-finding mission to the Central Sahel wound up its Niger visit on Friday, and a UN spokesman announced a 9.5 million U.S. dollar investment in the country.

Farhan Haq, the deputy spokesman for UN Secretary-General Antonio Guterres, said a delegation of UN regional directors, led by Under-Secretary-General Abdoulaye Mar Dieye, the UN's special coordinator for development in the Sahel, concluded the first leg of a high-level mission to the Central Sahel.

Haq said the mission was in Niger from June 9-13, and will visit Mali next week, with a subsequent visit to Burkina Faso planned.

He said the UN delegation, including Yacoub El-Hillo, the regional director for Africa at the UN Development Coordination Office, met with Nigerien Prime Minister Ali Lamine Zeine and held substantive meetings with senior officials.

"The UN Development Programme announced an investment of 9.5 million U.S. dollars to improve access to energy in Niger, aiming to strengthen the country's energy infrastructure to meet the growing demand for sustainable and reliable energy," Haq said.

Xinhua

# G7 summit opens amid protests

**Fasano June 14**

The three-day 2024 Group of Seven (G7) summit kicked off Thursday in Borgo Egnazia, a resort near the town of Fasano in southern Italy's Apulia region, amid protests.

The crises in Ukraine and the Middle East and the relations with the Global South top the agenda of the summit. The management of artificial intelligence (AI), issues facing Africa and climate change are also included in the key sessions.

Italy is holding the G7 rotating presidency this year. In addition to the G7 leaders, heads of state from over ten other countries and international organizations were invited to attend the conference.

On the first day, the group discussed a draft deal for a 50-billion-U.S. dollar loan to Ukraine, using frozen Russian assets as guarantees.

In her latest response Thursday, Russian Foreign Ministry spokeswoman Maria Zakharova said that G7's plans will not benefit the West and may result in new economic crisis.

The United States and Japan each signed security agreements with Ukraine, making them the last two G7 members to sign such pacts.

Protests against the G7 summit are taking place in many places near the venue.

On the opening day, in Brindisi, a city 60 km away from the venue, protesters held Palestinian flags and displayed banners with slogans such as "Boycott the G7," "Stop Destroying the Planet," and "No More War." They criticized the G7 for failing to play a positive role in environmental protection, social justice, and maintaining peace.

Xinhua


Leaders of the G7 pose for a group photo with the skydiving flag performers at Borgo Egnazia, near the town of Fasano in Apulia Region, Italy, on June 13, 2024.

# 93 cargo ships transport goods from Mandalay to Yangon and Bhamo in May


Cargos being loaded and unloaded at Mandalay port.

**Mandalay June 14**

A total of 93 cargo ships transported goods such as corn, sugar, cement, and various goods from Mandalay port to Yangon and Bhamo cities in May, said Daw Tin Tin Tun, deputy staff officer of the Department of Transportation, Mandalay Region.

"There is a large amount of goods to be transported from Mandalay port. Due to the increase in goods, the number of cargo ships has also increased. The river water level is high so it is convenient for ships to travel at this time," he continued.

The cargos sent from the Mandalay port to Yangon, Bhamo and other cities in May included 2,593.63 tonnes of cement, 58,049.6 tonnes of millet, 450 tonnes of lime, and 9,957.606 tonnes of molasses, 4,688.35 tonnes of sugar, and 670 bags of rice.

Although there is currently high water in Mandalay Port, it is required not load more than the specified tonnage of goods on the vessels. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlaik Township farmers harvest 1,689 acres of summer paddy

**Mawlaik June 14**

A total of 1,689 acres of summer paddy planted this year, has been harvested in Mawlaik Township, Mawlaik District, Sagaing Region, according to the Department of Agriculture for Mawlaik District.

During the 2023-2024 summer crop planting season, the harvest of summer paddy fields planted in Mawlaik Township has been started since May this year, and until now, 1,689 acres have been harvested, producing 88.32 baskets per acre.

"We provide agricultural technology, provide education on prevention of pest infestation, provide education on prevention of damage to crops and the timely arrival of harvested rice under shelter to farmers," said Daw Kywe Kywe Hlaing, head of Department of Agriculture for Mawlaik District.

During the 2023-2024 summer crop planting season, 2,300 acres of summer paddy were earmarked to be planted in Mawlaik Township from January to April this year and 1,689 acres were planted.

The Department of Agriculture for the township has provided education on cultivating good and pure seeds, techniques for using natural fertilizers, timely planting of rain crops, and technical support for planting commercial varieties. 206


Farm work being done using machinery.

# Plan underway to grow 4,000 acres of monsoon paddy in Kyaukmyaung

**Kyaukmyaung June 14**

KhinU Township Agriculture Department of Sagaing Region stated that local farmers will grow 4,000 acres of monsoon paddy this year.

In 2024-25 monsoon, the sub-township earmarked cultivation of 4,000 acres of monsoon paddy, and local farmers will start cultivation in mid-June.

"Our department plans to provide agricultural techniques and quality paddy strains for local farmers to meet the target," said Daw Khin Win, Head of Sub-Township Agriculture Department.

In 2023-24 monsoon, local farmers planted 4,050 acres of monsoon paddy exceeding the target of 4,000 acres.

Agricultural staff members will organize local farmers with talks about agricultural techniques, prevention of pests and taking shelter for paddy.

This year, staff members of Township Agriculture Department will help local farmers choose quality strains of paddy, prevention of pests, weeding, systematic use of fertilizers and other techniques to boost per-acre yield of crops. 206

# Farmers plant more than 1,000 acres of vegetables in Mawlaik Township this monsoon

**Mawlaik June 14**

A total of 1,053 acres of vegetables has been planted in Mawlaik Township of Sagaing Region this monsoon, statistics of the Mawlaik District Agriculture Department stated.

The township earmarked 1,109 acres of vegetables in 2024-25 monsoon but local farmers have so far cultivated 1,063 acres against the target.

"Local farmers grow mustard, chilli, spicy plants, potato, cabbage, eggplants and Chinese cabbage. Our department educates them to grow the crops with the use of good agricultural practice. Moreover, those farmers are urged to take care of chemical residue at the patches," said Daw Kywe Kywe, Head of Mawlaik District Agriculture Department.

Township Agriculture Department conducts training courses on use of GAP and growing healthy crops and expansion of vegetable patches.

Moreover, agricultural staff members raise farmer awareness of agricultural techniques, prevention of pests and use of fertilizers in growing crops to earning incomes for their families. 206


A vegetable plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက Alpha-E ဒရုန်းကိုအသုံးပြု၍ စောင့်ကြည့်ထောက်လှမ်းရေးစီမံကိန်းကို ဆောင်ရွက်နေ



ရုရှားနိုင်ငံက Kalashnikov ကုမ္ပဏီထုတ် Alpha-E ဒရုန်းကိုအသုံးပြု၍ ရုရှားနိုင်ငံ Bashkiria ဒေသတွင် ဇွန် ၄ ရက်က ဘက်စုံမြေမျက်နှာသွင်ပြင်ပုံရိပ်များ ရိုက်ကူးမှတ်တမ်းတင်ကာ စောင့်ကြည့်ထောက်လှမ်းရေးစီမံကိန်းကို ဆောင်ရွက်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစီမံကိန်းသည် ဖောက်သည်ကုမ္ပဏီလုပ်ငန်းအုပ်စုတစ်ခုအတွက် ဦးတည်လုပ်ဆောင်နေခြင်းဖြစ်ပြီး Payload အမျိုးမျိုးတပ်ဆင်အသုံးပြုစမ်းသပ်ခဲ့သည်။ အထူးသဖြင့် စစ်ရေးရှုထောင့်မှကြည့်မည်ဆိုလျှင် အဆိုပါဒရုန်း၏ ဘက်စုံအသုံးပြုနိုင်မှုကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

Alpha-E ဒရုန်း၏ Payload အမျိုးမျိုးတပ်ဆင်အသုံးပြုနိုင်မှုကြောင့် စောင့်ကြည့်ထောက်လှမ်းရမည့် ဧရိယာအတွင်းရှိ အရာဝတ္ထုများပေါ်တွင် အခက်အခဲမရှိ ခွဲခြမ်းစိတ်ဖြာမှု လုပ်ဆောင်ရန်အတွက် သင့်လျော်ပြီး ပိုမိုနက်နဲပြီးပြည့်စုံသော အချက်အလက်များကို ရရှိနိုင်ခဲ့သည်ဟု ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးက မှတ်ချက်ပေးခဲ့သည်။

ပဏာမ အချက်အလက်များအရ Bashkiria ဒေသသည် Alpha-Eဒရုန်းကို အသုံးပြု၍ အဝေးမှမြေပြင်စောင့်ကြည့်ထောက်လှမ်းရေးဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ် ချွေတာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒေသအနေဖြင့် စောင့်ကြည့်ရမည့်ဧရိယာများနှင့် ပတ်သက်သော နောက်ထပ်လုပ်ငန်းဆောင်တာများ၊ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်မှုနှင့် အချက်အလက် မှတ်တမ်းတင်ထိန်းသိမ်းမှုတို့အတွက် ရုပ်ထွက်အရည်အသွေးမြင့်မားကောင်းမွန်သော High-Resolution ဖြင့် အချက်အလက်များ ပိုမိုများပြားစွာ စုဆောင်းနိုင်တော့မည်ဖြစ်သည်။

Alpha-E ဒရုန်းသည် လေထဲတွင် ပျံဝဲနေနိုင်သော လျှပ်စစ်စွမ်းအင်သုံးရဟတ်ယာဉ် (Universal Electric Helicopter)အမျိုးအစားဖြစ်သည်။ ၎င်း၏နည်းပညာပိုင်းဆိုင်ရာ ဝိသေသလက္ခဏာများက ၎င်းကို သံလိုက်စက်ကွင်းတိုင်းတာမှုများ၊ ဝေဟင်လေဆာလိုင်း စကင်ဖတ်ခြင်း၊ ဝေဟင်ဓာတ်ပုံရိုက်ကူးခြင်းနှင့်စောင့်ကြည့် ဗီဒီယိုရိုက်ကူးခြင်း စသည့်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်စေကြောင်း သိရသည်။

အရပ်ဘက် ရည်မှန်းချက်တာဝန်များ အသုံးပြုနိုင်သကဲ့သို့ စစ်ဘက်လုပ်ငန်းများတွင်လည်း အသုံးတည့်သည်။ ရုရှားနိုင်ငံအနေဖြင့် ၎င်းစီမံကိန်းကို ယူကရိန်းအထူးစစ်ဆင်ရေး၌ စစ်မြေပြင်စောင့်ကြည့်ထောက်လှမ်းရေးတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ရုရှားတပ်မတော်အနေဖြင့် ယခုလိုစီမံကိန်းများစွာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး Alpha-E သည် ထိုစီမံကိန်းများစွာထဲမှ တစ်ခုဖြစ်သည်။ လက်ရှိတွင် ရုရှားစစ်ဘက်သည် စစ်ဆင်ရေးထိရောက်မှုကို မြှင့်တင်ရန် ယူကရိန်းတွင် အဆင့်မြင့်စစ်မြေပြင်စောင့်ကြည့်ထောက်လှမ်းရေး နည်းလမ်းများစွာကို လိုက်နာကျင့်သုံးလျက်ရှိသည်။ ထိုနည်းလမ်းများတွင် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေး အချက်အလက်များ စုဆောင်းခြင်းနှင့် ကြိုတင် သတိပေးနိုင်စွမ်းများတိုးတက်စေရန် ဒီဇိုင်းထုတ်ထားသော နည်းပညာများနှင့် နည်းဗျူဟာများစွာ ပါဝင်သည်။

ရုရှား၏ စောင့်ကြည့်ထောက်လှမ်းရေး မဟာဗျူဟာတွင် ဒရုန်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကင်းထောက်ဒရုန်းများနှင့် First-Person-View (FPV) Kamikaze ဒရုန်းများအပါအဝင် အမျိုးမျိုးသောဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ ကင်းထောက်ဒရုန်းများသည် တပ်ဖွဲ့ဝင်များ၏လှုပ်ရှားမှုကို စောင့်ကြည့်ရန်နှင့် ပစ်မှတ်များကိုစိစစ်ခွဲခြားဖော်ထုတ်ရန်အတွက် မရှိမဖြစ်အရေးပါလျက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ ရုပ်ပုံများနှင့် ဗီဒီယိုဖိုင်များကို စုဆောင်းထားနိုင်သည်။ ကင်မရာများတပ်ဆင်ထားသော FPV ဒရုန်းများကို မကြာခဏဆိုသလို တန်ဖိုးကြီးမားသော စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို အတိအကျတိုက်ခိုက်မှုများအတွက် အသုံးပြုလေ့ရှိကြပြီး အမြောက်ပစ်ကူနှင့်အတူ ရန်သူ့တင့်၊ သံချပ်ကာယာဉ်များကို ထိရောက်စွာပိတ်ဆို့ ဖျက်ဆီးနိုင်ကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ (EW)သည် ယူကရိန်းတပ်ဖွဲ့များ၏ ဆက်သွယ်ရေးနှင့် ရေဒါစနစ်များကို ဖိဖျက်နှောင့်ယှက်ရန် ရုရှားတပ်မတော်က အသုံးပြုနေသည့် ဆန်းပြားသော ခေတ်မီစွမ်းရည်တစ်ခုဖြစ်သည်။ ၎င်းတွင် အချက်ပြလှိုင်းများပြတ်တောက်ခြင်း၊ ဆက်သွယ်ရေးကြားဖြတ်ဖမ်းယူခြင်း၊ ထောက်လှမ်းရေးသတင်းစုဆောင်းခြင်းနှင့် ရန်သူကိုတန်ပြန်စောင့်ကြည့်ခြင်းတို့အတွက် ဆိုက်ဘာစစ်ဆင်ရေးများဆင်နွှဲခြင်းတို့ ပါဝင်နေသည်။ ၎င်း EW စွမ်းရည်များသည် ရန်သူအာရုံခံစနစ်များကို အကန်းဖြစ်သွားစေပြီး ရုရှားတပ်ရင်း၊ တပ်ဖွဲ့များအချင်းချင်း ဆက်သွယ်ရေး၏ လုံခြုံရေးကို အာမခံချက်ပေးနိုင်ရန်အတွက် အရေးကြီးသည်။

ထို့ပြင် ဂြိုဟ်တုများနှင့် ဝေဟင်မှ ထောက်လှမ်းခြင်းများသည် ကြီးမားကျယ်ပြန့်သောဒေသများတစ်လျှောက် အသေးစိတ်ရုပ်ပုံများကို ဖမ်းယူကြည့်ရှုနိုင်ပြီး ရုရှားတပ်ဖွဲ့များသည် စစ်မြေပြင်ပတ်ဝန်းကျင်တွင် ယူကရိန်းတပ်များ၏ တပ်တည်၊ တပ်လှုပ် စစ်ရေးလှုပ်ရှားမှုများနှင့် နည်းဗျူဟာအပြောင်းအလဲများကို ခြေရာခံသိရှိနိုင်စေမည်ဖြစ်သည်။ မြေပြင်အခြေစိုက် ထောက်လှမ်းရေးနှင့် ဂြိုဟ်တုအချက်အလက်များ ပေါင်းစပ်ခြင်းသည် စစ်ဆင်ရေးဒေသများ၌ အခြေအနေအရပ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိထားနိုင်ရန် အထောက်အကူဖြစ်စေပြီး ရေဒါများကဲ့သို့သော မြေပြင်စောင့်ကြည့်ရေးစနစ်များ၊ ဝေဟင်နှင့် မြေပြင်လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်း၊ ဝင်ရောက်လာသော ခြိမ်းခြောက်မှုများကို ထောက်လှမ်းခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ခြင်းဖြင့် ခံစစ်နှင့် ထိုးစစ်နှစ်ရပ်စလုံးကို ဟန်ချက်ညီစွာညှိနှိုင်းဆင်နွှဲနိုင်ရန် များစွာအကူအညီပေးနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Russia Implements Surveillance Project Using Alpha-E Aerial Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘာလင်နိုင်ငံတကာလေကြောင်းပြပွဲတွင် Diehl ကုမ္ပဏီက Remote Carrier ဒရုန်းသစ်ကို ထုတ်ဖော်ပြသ

ဂျာမနီကုမ္ပဏီ Diehl Defense သည် ဘာလင်မြို့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ လေကြောင်းနှင့်အာကာသပြပွဲ(ILA)တွင် ၎င်း၏ Light Remote Carrier (LRC) ဒရုန်းသစ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြောင်းလွယ်ပြင်လွယ်ရှိစွာ ကွန်ရက်ချိတ်ဆက်၍ အသိဉာဏ်ထက်မြက်သော လူသားတစ်ဦးကဲ့သို့ လုပ်ဆောင်နိုင်စွမ်းရှိပြီး စွမ်းဆောင်ရည်များ တိုးချဲ့နိုင်မည့် အနာဂတ် စွမ်းအားသစ်တစ်ရပ်အဖြစ် FEANIX ဒရုန်းသစ်သည် ခန့်မှန်းခြေအားဖြင့် အလေးချိန် ကီလိုဂရမ် ၃၀၀ (၆၆၁ ပေါင်) ရှိကာ အရှည်လေးမီတာ (၁၃ ပေခန့်) ခန့်ရှည်လျားသည်။

အဆိုပါဒရုန်းကို မြေပြင်နှင့် ရေပြင်အခြေစိုက် ပလက်ဖောင်းများမှ ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်ပြီး အသုံးပြုသူ၏ Payload လိုအပ်ချက်များအပေါ် အခြေခံ၍ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှု၊ ဖွဲ့စည်းပုံအမျိုးမျိုး၊ ကွဲပြားသော ဒီဇိုင်းပုံစံဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် လက်နက်စနစ်၊ အာရုံခံကိရိယာများ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ပြီး ပေးအပ်လိုသည့် စစ်ဆင်ရေးတာဝန်ပေါ်မူတည်ကာ အဖျက်စွမ်းအားပြင်းလက်နက်များ တပ်ဆင်အသုံးပြုနိုင်သကဲ့သို့ သေကျေပျက်စီးမှုများ မဖြစ်ပေါ်စေနိုင်သော အခြား Non-Lethal Effectors စနစ်များလည်း သယ်ဆောင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ဒရုန်းတင်ယာဉ် (Carrier Functions)လုပ်ဆောင်ချက်များနှင့်အတူ စနစ်သည် အုပ်ဖွဲ့လုပ်ဆောင်ခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် တာဝေးတိုက်ခိုက်မှုစွမ်းရည်များပါ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း Diehl Defense ကုမ္ပဏီသည် ဒိုးကျည်စနစ်များတွင် Remote Carriers (အဝေးထိန်းလုပ်ဆောင်နိုင်မှုစနစ်)များပေါ်၌ ကိုယ်ပိုင်ငွေကြေးဖြင့် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်ဟု Diehl ကုမ္ပဏီက ၎င်း၏သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

Diehl Defense သည် FEANIX ဒရုန်းသစ်ဖြင့် LRC ၏ စစ်ဆင်ရေးသဘောတရားကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလာနိုင်ကာ အနာဂတ်တွင် ထပ်မံချဲ့ထွင်လုပ်ဆောင်လာနိုင်မည်ဖြစ်ပြီး




ရေရှည်တွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

လေကြောင်းချီ စစ်ဆင်ရေးတာဝန်ထမ်းဆောင်မှုများတွင် တပ်ဖွဲ့ဝင်များ၏ ဘေးအန္တရာယ်ရှိမှုများကို သိသိသာသာ လျှော့ချပေးနိုင်လိမ့်မည်ဖြစ်ပြီး FEANIX ဒရုန်းကို ဥရောပအနာဂတ် တိုက်လေယာဉ်စနစ် (FCAS) စီမံကိန်းကိုအထောက်အပံ့ပေးနိုင်ရန် တစ်စိတ်တစ်ပိုင်း အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အနာဂတ် တိုက်လေယာဉ်စနစ်စီမံကိန်း (FCAS)သည် အစောင့်လိုက်အဝေးထိန်းဒရုန်းများ၊ ခေတ်မီလက်နက်စနစ်တို့နှင့် သက်ဆိုင်နေသည့် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ် တီထွင်ထုတ်လုပ်သွားနိုင်ရေးပင်ဖြစ်သည်။

**Diehl Unveils New Remote Carrier Drone in Berlin ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၉၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၉၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၈၀၆၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မိုးနှမ်းဧက ၁၈၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၁၂၀ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ အထွက်နှုန်းကောင်းမွန်စေရေး၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့ကိုလဲဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ဧက ၄၆၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၀၅ ဧကနှင့် ပုလဲမြို့နယ်တွင် ၅၃၅ ဧက စုစုပေါင်း ဧက ၉၁၂၀ တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၅၁၈၆၀၊ ကနီမြို့နယ်တွင် ဧက ၁၈၅၆၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၉၁၅၀ နှင့် ပုလဲမြို့နယ်တွင် ၇၁၀၉၂ ဧက စုစုပေါင်း ၁၈၀၆၆၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ဝဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ဝဲကြီးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝဲကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ငွေကျပ် ၄၃ ဒသမ ၄သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ(ကျေးလက်)**

# ကွမ်းခြံကုန်းမြို့နယ် ဝါးတောစုကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်နေမှုကိုစစ်ဆေး

**ကွမ်းခြံကုန်း ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စု ဝါးတောစုကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်နေမှုကို တာဝန်ရှိသူများက ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ခုနစ်သန်းဖြင့်ဆောင်ရွက်သည့် ဆိပ်ကြီးကျေးရွာအုပ်စု၊ ဝါးတောစုကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သောဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့်တာဝန်ခံ အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ခရိုင်ဦးစီးမှူးကသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ဝါးတောစုကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ကိုးပေ တည်ဆောက်ခြင်းကို ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ်၊ ဇွန်လ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါအုတ်ရေကန်တည်ဆောက်နေမှု လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေးသန့်ရှင်းသော သောက်သုံးရေကို ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းကပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပညာရည်ပြည့်ဝသော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွက်လာမှသာ တိုင်းပြည်၏အနာဂတ်သည်လည်း ထွန်းလင်းတောက်ပလာမည်ဖြစ်



**နေပြည်တော် ဇွန် ၁၄**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများကို ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး **Jeng Phang** နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခြေခံပညာ ကျောင်းသား၊ကျောင်းသူများကို ထောက်ပံ့ချီးမြှင့်ခြင်းသည် အနာဂတ်နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းရယူကြမည့် ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်များ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုခြင်းဖြစ်သည့်အပြင် ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန် ခွန်အားတစ်ခုအနေဖြင့် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွက်လာမှသာ တိုင်းပြည်၏အနာဂတ်သည်လည်း ထွန်းလင်းတောက်ပလာမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တိုးတက်ပြောင်းလဲနေသည့် အတတ်ပညာ၊ နည်းပညာသစ်များနှင့် ရင်ပေါင်တန်းနိုင်ရန် အစဉ်ကြိုးစားအားထုတ်ကြရန်နှင့် အသိပညာ၊ အတတ်ပညာကြွယ်ဝပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားသုံးသပ်နိုင်သော၊နိုင်ငံတော်ကို အကျိုးပြုသည့် လူချွန်လူကောင်းများဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြစ်သော စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူနိုင်သည့် သားကောင်းရတနာသမီးကောင်းရတနာများဖြစ်ကြပါစေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ထူးချွန်ထက်မြက်ပြီး ဘက်စုံတော်သော ကျောင်းသားကျောင်းသူများ ဖြစ်လာစေရေးအတွက် မိဘ၊ ဆရာများနှင့် ကျောင်းသား၊ ကျောင်းသူများ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသူများကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏သားသမီး၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများ၏ သားသမီး အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်း အချုပ်ခန်းနှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်း အချုပ်ခန်းနှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တွံတေးမြို့ပေါ်ရှိ မြို့မရဲစခန်းအချုပ်ခန်းကို ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုတွေ့ဆုံမှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း နေထိုင်စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုရှိ၊ မရှိနှင့် အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွံတေးမြို့နယ်ရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာကိုလည်း ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရ ပြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုနှင့် ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏လုံခြုံရေးနှင့် လူမှုဘဝမြှင့်တင်ရေးတို့အတွက် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူကာ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများနှင့် **Mobile Team** များ ကွင်းဆင်းဆောင်ရွက်မှုများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် ကြားပွဲစားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး **(Passport)**ရုံးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် တရားဝင်ထုတ်ပေးထားခြင်းမရှိသည့် UID နံပါတ်အတုများအသုံးပြုခဲ့သဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခဲ့ရပါသည်။

၃။ UID နံပါတ်ဆိုသည်မှာ လူတစ်ဦးချင်းစီကိုင်ဆောင်သည့် နိုင်ငံသားဆိုင်ရာ အသိအမှတ်ပြုကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်**(Passport)**၏ ကိုယ်ရေးအချက်အလက်များအပေါ် မူတည်၍ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များဖြစ်သည့် မျက်နှာသွင်ပြင်၊ လက် ၁၀ ချောင်းလက်ဗွေ၊ မျက်စိသူငယ်အိမ်တို့ကိုပေါင်းစပ်ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါသည့် **Unique ID** နံပါတ်အား **Random**ဖြင့် ကျရာနံပါတ်ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ကြပါရန်နှင့် ကြားပွဲစားများဖြင့် ဆက်သွယ်၍ UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် UID နံပါတ်ရရှိရေးအတွက်ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ **Facebook** စာမျက်နှာဖြစ်သည့် **www.facebook.com/eIDDept** မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံ ပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများစဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

သရက်တောင်ကြီးဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနု၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ သမဲ့ဖြူနှင့် ဓနိပင် စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ရေကျီးကန်း စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာ စေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို**
**ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ**
**ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလှုံ့ဆော်ရေးဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ လူထု အသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သန်းခေါင် စာရင်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ၊ အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့ လူထုအသိပညာပေးလှုံ့ဆော် ရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ ကြောင်းနှင့် ကားလမ်းမကြီးပေါ်၌ဖြတ်သန်း သွားလာသည့်ပြည်သူများထံ အသိပညာ ပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေ ပေးခဲ့ကြောင်းသတင်းရရှိသည်။ **မျိုးကျော်**



# ရွှေပြည်သာစက်မှုဇုန်၌ အလုပ်သမားရေးရာအသိပညာပေး ဆွေးနွေးပွဲတက်ရောက်ပြီး စက်ရုံ နှစ်ရုံနှင့် သုခစုစံသင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၄**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် အလုပ်သမား ရေးရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။



ဆွေးနွေးပွဲသို့ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းရှင်များ၊ စက်ရုံ၊ အလုပ်ရုံများမှ HR မန်နေဂျာများနှင့် တာဝန်ခံကြီးကြပ် သူများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ အလုပ်သမားရေးရာ အငြင်း ပွားမှုလျော့နည်းပပျောက်စေရေး၊ တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေး မှာကြားသည်။

ထို့နောက် အလုပ်သမားရေးရာ တိုင်းဒေသကြီးတာဝန်ခံ အရာရှိများက အလုပ်သမားရေးရာဥပဒေများနှင့်စပ်လျဉ်း ၍ အလေးထားလိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များနှင့် အမိန့်၊ ညွှန်ကြားချက် များကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့် ရွှေပြည်သာမြို့နယ်ရှိ JiaShihao Myanmar Co., Ltd အထည်ချုပ်စက်ရုံ နှင့် JiaShihao Knitted Co., Ltd အထည်ချုပ်စက်ရုံတို့၌ အလုပ်သမားများ အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC)နှင့် အလုပ်ရှင်တို့သည် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ကောလာဟလသတင်းများကို နားမယောင်ရန်နှင့် လုပ်သားများအနေဖြင့် အလုပ်အကိုင်တည်မြဲရေးအတွက် မိမိ အလုပ်ရှင်နှင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်း များကို သစ္စာရှိရန်နှင့် စိတ်ကောင်းထားပြီး စည်းလုံးညီညွတ်စွာဆောင်ရွက်ရန် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ သည် လှိုင်သာယာမြို့နယ်ရှိ သုခစုစံ သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေး ရာ သင်တန်းတာဝန်ခံက သင်တန်းကျောင်း တွင် သင်တန်းများဖွင့်လှစ်ပို့ချမှု၊ အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု နှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများ ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကျွမ်းကျင်လုပ်သားများနှင့် အသက်မွေးဝမ်း ကျောင်း အထောက်အကူပြုသင်တန်းများ ဈေးကွက်လိုအပ်ချက်နှင့်အညီ သင်ကြား ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



ရှေ့ဖုံးမှအဆက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ အပေါ် အခြေခံကာ ၂၀၁၁ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာ မြောက်ပူးပေါင်းဆောင်ရွက်မှုသို့ မြှင့်တင် ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် မျှဝေသော အနာဂတ်အသိုက်အဝန်းသို့ ဆက်လက်တိုးမြှင့်ခဲ့ကြောင်းနှင့် တရုတ် နိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများနှင့်အတူ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကို အလေးပေးပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ခုနစ်ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် စီမံကိန်းများကို ထောက်ပံ့ပေးအပ်သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို "မြစ်တစ်စင်း နှင့်မျှဝေသောအနာဂတ်" မဲခေါင်-လန်ချန်း စိတ်ဓာတ်ဖြင့် အတူတကွပူးပေါင်းဆောင် ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်က နှစ်နိုင်ငံအကြား ဆွေမျိုး ပေါက်ဖော် ရင်းနှီးခင်မင်မှု၊ အပြန်အလှန် နားလည်လေးစားမှုနှင့် အကူအညီပေးမှု များကို ပြန်လည်အမှတ်ရပါကြောင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သည် မျှဝေသည့်အနာဂတ်အသိုက်အဝန်း တစ်ခုကို ပူးပေါင်းတည်ဆောက်ရာတွင် အရေးပါသော စကြိုတစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါ အဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင် ရွက်မှုအဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံရေးရာ နှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင် အထည်ဖော်ရာတွင် ဆက်လက်၍ အကူအညီ ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှု ဆိုင်ရာ သဘောတူညီချက်ကို ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က လက်မှတ် ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ သဘောတူညီချက်အရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် မြန်မာနိုင်ငံ၏ ဝန်ကြီးဌာန ခြောက်ခုက အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံကိန်း ၁၂ ခုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းခန့် ကို တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့လွှဲပြောင်း ပေးအပ်မည်ဖြစ်ပြီး အဆိုပါစီမံကိန်း ၁၂ ခု ကို စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သစ်တော ဆိုင်ရာအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်း ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသော အလေ့အထနှင့် တီထွင် ဆန်းသစ်မှုများ ဆောင်ရွက်ရေး၊ ကျေးရွာ အဆင့် ဆင်းရဲမှုလျှော့ချရေး၊ သတင်း အချက်အလက်နည်းပညာဆိုင်ရာ တီထွင် ဆန်းသစ်မှုနှင့် ယဉ်ကျေးမှုကဏ္ဍ မြှင့်တင် ရေး စသည့်နယ်ပယ်များ၌ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ် နိုင်ငံက ထောက်ပံ့ပေးအပ်သည့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေမှ တစ်ဆင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် တန်ဖိုးရှိ သော ကဏ္ဍပေါင်းစုံစီမံကိန်း ၁၁၈ ခု ကို လက်ခံရရှိပြီးဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များကို အလှူငွေပေးအပ်



သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒေါက်တာ အရှင်တိက္ခသာရထံမှ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ပြုလုပ်ရာ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်တိက္ခသာရ ကြွရောက်တော်မူပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မျက်စိဝေဒနာရှင်များအတွက် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၀၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆေးရုံအတွင်း လိုက်လံကြည့်ရှုကြသည်။

အဆိုပါ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက် အာယုဒါနဆေးရုံတော်ဖြစ်ပြီး ၎င်းဆေးရုံ၌ တစ်နေ့လျှင် မျက်စိဝေဒနာရှင် ဦးရေ ၁၇၀ ခန့်ကို မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များ ခြစ်ထုတ်ခြင်း၊ မျက်လုံးအစားထိုးကုသခြင်းများကို ဇွန် ၁၁ ရက်မှ ၂၀ ရက်ထိ ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၊ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇွန် ၁၄**

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၊ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၁၆ပါးနှင့် ဒေသခံပြည်သူ ၂၀၆ဦး စုစုပေါင်း ၂၂၂ဦးတို့ကို အဆိုပါရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်၌လည်းကောင်း၊ တိုက်ကြီးမြို့နယ် အဖျောက်မြို့ မိုးကုလားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၅ ဦး စုစုပေါင်း ၁၃၆ ဦးတို့ကို အဆိုပါကျေးရွာရှိ မိုးကုလား ဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၄**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှတာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲကျင်းပစဉ်။

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်း တစ်နှစ်(အတိုးနှုန်း ၁%)ဖြင့် ၂၀၂၀ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း တစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ခြောက်လ၊ဒုတိယအကြိမ် ခြောက်လနှင့် တတိယအကြိမ် တစ်နှစ်နှင့် စုစုပေါင်း သုံးနှစ်ထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်းသုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအတိုး၊အရင်းများကို ၂၀၂၄ ခုနှစ်ဇူလိုင် ၁ ရက်မတိုင်မီ အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ


**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thura" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြို့ပြင်ကြီးကျေးရွာနေ သူရဖြိုးဝေ အား ည ၆ နာရီခွဲတွင်လည်းကောင်း၊ "Si Thu Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် လယ်ဝေးမြို့နယ် ပေပင်ကျေးရွာနေ စည်သူဖြိုး(ခ)စည်သူ အား ည ၇ နာရီ ၂၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)




## အသိပေးကြေညာချက်

၁။ Online Social Media Platform များဖြစ်သည့် Facebook၊ Viber၊ Telegram အစရှိသည်တို့ပေါ်တွင် ID အစစ်အမှန်မဟုတ်သည့် အကောင့်(Fake Account) များအသုံးပြု၍ ဘဏ်များမှ ငွေလဲလှယ်နှုန်းများ တိုးမြှင့်ကောက်ခံနေကြောင်းအပါအဝင် မမှန်ကန်သည့် သတင်းများကို ထုတ်ပြန်ဖော်ပြပြီး ငွေကြေးမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိနေရပါသည်။

၂။ အဆိုပါ Website များကိုလိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။ AD လိုင်စင်ရဘဏ်များအနေဖြင့် ဘဏ်၏တရားဝင် Website များတွင် Exchange Counter ၏ အရောင်းအဝယ် ငွေလဲလှယ်နှုန်းများကို ကြေညာပေးလျက်ရှိပြီး အောက်ဖော်ပြပါ Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်-

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုများအနေဖြင့် မမှန်ကန်သည့် Website ကြေညာချက်

| စဉ် | ဘဏ်အမည် | Webpage Link |
|---|---|---|
| က | KBZ | https://www.kbzbank.com/en/ |
| ခ | AYA | https://ayabank.com/personal-banking/other-services/foreign-currency-exchange-service#foreign_currency_exchange_rate |
| ဂ | MAB | https://www.mabbank.com/gtb |
| ဃ | uab | https://www.uab.com.mm/ |
| င | A Bank | https://www.abank.com.mm/en_US/ |
| စ | CB | https://www.cbbank.com.mm/en |
| ဆ | Yoma | https://www.yomabank.com/ |
| ဇ | MCB | https://mcb.com.mm/ |
| ဈ | MOB | https://www.mobmyanmar.com/ |

များကို ယုံကြည်မှုမရှိဘဲ သက်ဆိုင်ရာဘဏ်များ၏ Webiste တွင် ငွေလဲလှယ်နှုန်းများကို ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# မတ္တရာမြို့နယ်ရှိ ကျေးရွာနှစ်ရွာမှ နေအိမ်များနှင့် ဆိုင်ကယ် အစီး ၃၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၂ ရက်တွင် ရှင်လှ(တောင်)ကျေးရွာနှင့် ရှင်လှ(အလယ်)ကျေးရွာတို့ကို ဝင်ရောက်စီးနင်းပြီး နေအိမ် ၁၂ လုံးနှင့် ဆိုင်ကယ် အစီး ၃၀ ကျော်တို့ကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရှင်လှ(တောင်)ကျေးရွာနှင့် ရှင်လှ(အလယ်)ကျေးရွာတို့တွင် အကြမ်းဖက်သမားများက ပြည်သူများကိုခြိမ်းခြောက်၍ နေအိမ်အချို့နှင့် ကျေးရွာအတွင်းရှိ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိပြည်သူတစ်ဦး သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ်မဖြစ်ပွားစေရေးအတွက် သွားရောက်ရှင်းလင်းဆောင်ရွက်နေစဉ်တွင် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး ၏ ပြောကြားချက်အရ သိရှိရသည်။

ယင်းဖြစ်စဉ်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန်အတွက် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်များတွင် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်စခန်းများသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။ (၅၀၁)




# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ရက် ညနေ ၅ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် နှင်းဆီလမ်းရှိ သန့်ဇင်(ခ)ရှမင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် ညနေ ၃နာရီတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းတွင် အောင်သိန်းဝင်း (ခ) ကိုအောင် မောင်းနှင်ပြီး အောင်ပြည့် (ခ) အောင်လေးနှင့် တင်ဝင်းအောင်တို့ လိုက်ပါလာသည့် TOYOTA HILUX SURF မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ စစ်ဆေးချက်အရ ည ၇နာရီတွင် သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်ရှိ အောင်သိန်းဝင်း(ခ)ကိုအောင် ငှားရမ်းနေထိုင်သည့် နေအိမ်တိုက်ခန်းကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



# သောင်မဲ့တဲ့မြစ်

မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

သစ်ရွက်ဟောင်းများ တဖြုတ်ဖြုတ်ကြွေကျနေ၏။ ငှက်သံများလည်း သာယာလှသည်။ နွေညနေသည် လွမ်းဖွယ်ကောင်းနေသည်။ သက်နွယ်ခင် နွေညနေကို ငေးနေမိ၏။ နေမင်းကြီးသည် တဖြည်းဖြည်းနှင့် နွေဦးရိပ်တွင် မှိန်းမောစပြုလာလေ၏။ သက်နွယ်ခင် အမေ့အိမ်ကို ရောက်သည့်အချိန်တွင် အိပ်ရာပေါ်မှာ ပက် လက်ကလေးမှိန်းနေသည့်အမေ့ကို တွေ့ရလေသည်။ အသက်ဇဝနားကပ်နေသည့် အမေ့ကို ကုသပေးသောဆရာကလည်း ရောဂါအထွေအထူး မရှိကြောင်း ဆို၏။ သို့သော် မျှော်လင့်စရာနည်းနေပြီ။ အမေ့ ဆေးခြင်းကလေးထဲတွင် ဆေးစာရွက်များ၊ သောက်လက်စလက်ကျန်ဆေးများ ရောထွေးလျက်ရှိနေသည်။ ဆေးခြင်းလေးကို လှမ်းယူလိုက် သောအခါ ဆေးခြင်း အောက်တွင် ဟောင်းနွမ်းနေသည့် စာအိတ်ကလေးတစ်လုံးထွက်ပေါ်လာသဖြင့် လှမ်းယူလိုက်သည်။ ထို့ နောက် သက်နွယ်ခင်စာအိတ်လေးကို ဖောက်လိုက်သည်။ ဝါဖန့်ဖန့်စာရွက်လေးပေါ်တွင် မညီမညာရေးသားထားသည့် အမေ့လက်ရေးကလေးများမှာ မနည်းဖတ်လိုက်ရသည်။

"ကိုယ်တိုင်က အလင်းရောင်ပေးနိုင်ဖို့ထက် သူတစ်ပါးတွေကို အမှောင်ထဲကျအောင် တွန်းမချဖို့က ပိုအရေးကြီးတယ်။

အရှင်စန္ဒာဝရ(မြိုင်နံ့သာ)ဟူ၍ ဖြစ်သည်။

အမေရေးထားသည့် စာလေးကိုဖတ်ကာ ဆေးသားပြယ်နေသည့် အမေ့ဓာတ်ပုံလေးကို ကြည့်လိုက်မိ၏။ ထို့နောက် အမေ့နားတိုးကပ်ကာ အမေ့လက်ကလေးကို ကိုင်၍ အမေ့မျက်နှာကို ကြည့်နေမိသည်။ အမေ့မျက်နှာပေါ်တွင် အပြုံးမပျောက်သေး။ အသက်ဝင်နေဆဲဖြစ်သည်။

(၂)

သက်နွယ်ခင် လသမီးအရွယ်မှာပင် မိဘနှစ်ပါး လမ်းခွဲခဲ့ကြ၏။ သက်နွယ်ခင်၏ မိခင်ဖြစ်သူမှာ ခင်ပွန်းသည် နောက်အိမ်ထောင်ပြုသွားသော်လည်း သူ့ဘဝကို သက်နွယ်ခင် အနာဂတ်အတွက် မြှုပ်နှံခဲ့လေသည်။ ထိုအချိန်မှစ၍ အမေသည် လောကဓံ လှိုင်းပုတ်ချက်များစွာ စတင်ကြုံတွေ့ခဲ့ရလေသည်။

"နင့်အတွက် ပြောတာပါ ရွှေနွယ်ရိုးရယ်။ အရွယ်လေးရှိတုန်း နောက်အိမ်ထောင်ပြုသင့်တယ်။ နင်တို့သားအမိအတွက်လဲ အားကိုးအားထားပြုရတာပေါ့ဟယ်"

သူငယ်ချင်းဖြစ်သူ ရင်မေအောင် စကားကြောင့် ရွှေနွယ်ရိုး ပြုံးလိုက်သည်။

"ဘာပြုံးတာလဲ ရွှေနွယ်ရိုး"

"ဘာမှမဟုတ်ပါဘူးအေ။ ကျုပ်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းနေတဲ့ ညည်းဘဝကို တွေးမိပြီး ပြုံးလိုက်မိတာပါ"

"ဩော်. . . ဖြစ်ရတယ်အေ။ ကျုပ်ယောကျ်ားက အလုပ်လုပ်ပါတယ်။ ညနေဆိုရင် ဒေါ်မြညွန့်ဆိုင်ကို ဝင်ခဲ့ရုံက လွဲလို့ပေါ့ မိရွှေနွယ်ရိုးရယ်"

"ဟား ဟား ကျုပ်သိပါတယ် ရင်မေအောင်ရယ်။ အိမ်ထောင်ရေးကိစ္စတွေ ကျုပ်မစဉ်းစားချင်တော့ပါဘူးအေ။ ကျုပ်သမီးလေး မျက်နှာမငယ်စေချင်ဘူး။ ကျုပ်ခွန်အားရှိသလောက် ရုန်းကန်ရှာဖွေပြီး သမီးဘဝကို မြှင့်တင်ပေးချင်တယ်အေ"

(၃)

ငှက်ပျောတော၊ ကြိုးကြာကွင်း စသည့်ရွာတန်းရှည်နှစ်ရွာသည် ရွာချင်းဆက်လျက်ရှိ၏။

"ဆံပင်ကျွတ်တွေ ဝယ်တယ်။ ဒန်အိုးဒန်ခွက်၊ ကြွေပန်းကန်တွေနဲ့ လဲတယ်"

"ရွှေနွယ်ရိုးရေ လာပါအုံး"

"ဟုတ်ကဲ့ ဒေါ်လေးမြ"

"ဒေါ်လေးမြ ဆံပင်ကျွတ်ကလေးတွေစုထားတာ။ ရသလောက်ပေးပေါ့"

"ဟုတ်ကဲ့ ဒေါ်လေးမြ။ ဒါနဲ့ ဒေါ်လေးမြ မြေးမလေးကော"

"သူငယ်ချင်းတွေနဲ့ မြို့တက်ပြီး ရုပ်ရှင်ကြည့်မလို့ဆိုပြီး ဒေါ်လေးမြဆီ ခွင့်တောင်းသွားတယ်။ ရွှေနွယ်ရိုးရဲ့ သမီးလဲပါတယ်"

ဒေါ်လေးမြစကားကြောင့် ရွှေနွယ်ရိုးသည် မျက်နှာအရောင်မပြောင်းမိစေရန် သတိထားနေရလေသည်။

"ရွှေနွယ်ရိုးကို ပြောမသွားဘူးလား"

"ဟုတ် ဟုတ်ကဲ့ ပြောသွားတယ်။ မေ့နေလို့ပါ။ သွားခွင့်ပြုအုံး ဒေါ်လေးမြ"

နှုတ်ဆက်စကားဆိုလျက် လေးလံသောခြေလှမ်းနှင့်အတူ ဒေါ်လေးမြအိမ်မှ ရွှေနွယ်ရိုး ထွက်လာခဲ့၏။

(၄)

"ဘယ်ကပြန်လာတာလဲ သမီး"

မိခင်ဖြစ်သူ၏ ဒေါသရိပ်မကင်းသော စကားကြောင့် သက်နွယ်ခင် မျက်နှာညှိုးသွား၏။

"သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တာ"

"အမေ့ကို ပြောသွားပေါ့ကွယ်။ အခုတော့ သူများပြောမှ သိရတယ်။ သမီးလဲ အရွယ်ရောက်နေပြီ။ အမေ စိတ်ပူအောင်မလုပ်ပါနဲ့ သမီးရယ်"

"ဘာစိတ်ပူစရာရှိလဲ။ သမီး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့ အရွယ်ရောက်နေပြီ။ အမေတို့က နေရာတကာကို ချုပ်ချယ်လွန်းတာ"

သမီးဖြစ်သူ စကားကြောင့် ရွှေနွယ်ရိုး၏ ခြေလှမ်းများက သက်နွယ်ခင်ရှိရာသို့ လျင်မြန်စွာ ရောက်သွားလေသည်။

"ဘယ်လိုစကားမျိုးလဲ သက်နွယ်ခင်။ ညည်းက မိန်းကလေး။ အစစအရာရာ နေတတ်ထိုင်တတ်မှ တော်ကာကျမှာ။ ညည်းရဲ့သတင်းကိုကြားပေမဲ့ ငါ့သမီးအသိရှိပါတယ်လို့ ယုံကြည်ထားလို့ ဘာမှမပြောခဲ့ဘူး။ အခုတော့ ညည်းက ကျုပ်ကို"

"ရည်းစားထားတာ အပြစ်လား အမေ။ အမေတို့တုန်းကလဲ ရည်းစားထားခဲ့ကြတာပဲလေ။ သမီးကျမှ အပြစ်တဲ့လား"

ရွှေနွယ်ရိုးသည် မိမိ၏ စကားပင် အဆုံးမသတ်ရသေးဘဲ ကြားဖြတ်စကားဆိုလာသည့် သမီးဖြစ်သူကို မျက်တောင်မခတ်ကြည့်ကာ အဖေတူသမီး၊ ဖခင်သွေးအပြည့်ကိန်းအောင်းနေသည်ဟု ကောက်ချက်ချနေမိပြန်သည်။

"မိရွှေနွယ်ရိုး ဟား ဟား ဟား၊ နာမည်ကတော့ ရှယ်ပဲ။ လူကတော့ ဘာမှသုံးစားမရတဲ့ မိန်းမ"

"ရှင်နဲ့ရမှ အခုလိုဘဝရောက်တာ။ ကျွန်မမိဘနဲ့ နေတုန်းက ရှင်သိပါတယ် ကိုခင်မောင်မြင့်"

"သိတယ် သိတယ် သိပ်ကိုသိတယ်။ နင့်အဖေကို ကြည့်မရလို့ နင့်ကိုရအောင်ယူခဲ့တာ။ အခုတော့ ဘာတတ်နိုင်သေးလဲ"

"ဟင် ဒါဆို နင်က ငါ့ကိုချစ်လို့ လက်ထပ်ယူခဲ့တာ မဟုတ်ဘူးပေါ့"

ရွှေနွယ်ရိုးသည် မိမိ၏ အမေးစကားကို ဖြေကြားခြင်းမရှိဘဲ အနားမှ ထွက်သွားသော ခင်ပွန်းသည်ကို မျက်ရည်များဖြင့် ငေးကြည့်ကျန်ရစ်ခဲ့လေ၏။ ရွှေနွယ်ရိုးသည် သမီးလေးမွေးဖွားပြီး ငါးလပြည့်သောနေ့တွင် ယောကျ်ားဖြစ်သူ၏ လုပ်ရပ်များကို သည်းခံနိုင်မှု ကင်းမဲ့လာခဲ့လေ၏။ ထို့နောက် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြ၏။ လမ်းခွဲပြီးနောက်ပိုင်း ကြိုးစားရုန်းကန်လာခဲ့သည်မှာ သမီးဖြစ်သူပင် တက္ကသိုလ်ကျောင်းသူဖြစ်လာခဲ့လေပြီ။

(၅)

"ကံတရားပေါ့ ရွှေနွယ်ရိုးရယ်။ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ"

"ကျွန်မ အပြစ်ပါ မလှရီရယ်။ ကျွန်မ ဆူလိုက်လို့ သမီးက အခုလို လုပ်သွားတာပါ"

"ဖြစ်သမျှအကြောင်း အကောင်းပေါ့။ ကလေးတွေ ဘယ်မှာရောက်နေလဲ အားလုံးစုံစမ်းနေကြပါတယ်"

သမီးဖြစ်သူ အိမ်ပြန်မလာသဖြင့် အဆောင်ကို စုံစမ်းကြည့်သောအခါ စာမေးပွဲဖြေပြီး အဆောင်နေသူအားလုံး ပြန်သွားသည်ဟု သိရသည်။ နောက်မှ ချစ်သူကောင်ကလေးနှင့် ခိုးရာလိုက်ပြေးသွားသည်ဟု သမီးဖြစ်သူ၏ သူငယ်ချင်းထံမှ ကြားသိရပြန်သည်။ သို့သော် တစ်ပတ်ခန့်ကြာခဲ့ပြီဖြစ်သော်လည်း အဆက်အသွယ်မရသဖြင့် ရွှေနွယ်ရိုး သောကများနေပြန်၏။

"အေးပါ မလှရီရယ်။ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်"

"ကဲ ညစာ စားလိုက်အုံး။ ကျုပ်တို့လဲ ပြန်အုံးမယ်။ ညကျ အဖော်အဖြစ် ကျုပ်လာအိပ်ပေးမယ်နော်"

ရွှေနွယ်ရိုးသည် မလှရီစကားကို ခေါင်းညိတ်ပြလိုက်၏။ မလှရီ ထွက်သွားသောအခါ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ငယ်စဉ်က သမီးကို အလိုလိုက်ခဲ့မိ၏။ ဖတဆိုး သမီးမို့ မျက်နှာမငယ်အောင် ဖြည့်ဆည်းပေးခဲ့၏။ အရွယ်ရောက်လာသောအခါ သမီးဖြစ်သူ၏စရိုက်မှာ အရိုင်းဆန်လာခဲ့လေ၏။ မိဘကို ဝိုင်းကူလုပ်ပေးရန်မဆိုထားနှင့် သမီးဖြစ်သူ အဝတ်အစားများကိုပင် ရွှေနွယ်ရိုး လျှော်ဖွပ်ပေးနေရလေ၏။

"သားသမီးကို ဘုရင်လိုထားရင် မိဘကျွန်ဖြစ်တတ်တယ်"ဟု ရှေးလူကြီးများစကားကို နားလည်နိုင်ခဲ့လေပြီ။

(၆)

အရေးတကြီးရောက်လာသော မလှရီကို ရွှေနွယ်ရိုး လှမ်းမြင်နေရသည်။ ပုဆိုးကို ခေါင်းပေါင်းထားသည်။ မျက်နှာပေါ်က ချွေးစက်များက အပူချိန်ပြင်းပြကြောင်း သက်သေပြနေ၏။

"ကျွန်မဆီ သူလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ သူ့ရဲ့ သတင်းလေးကြားရရင်ကို ဝမ်းသာနေပါပြီ မလှရီရယ်"

"အေးပါ အခု သူဒုက္ခရောက်နေတယ်။ မြို့မှာ အိမ်ငှားနေတယ်ဆိုတာ လွယ်တာမဟုတ်ဘူး"

မလှရီစကားကြောင့် ရွှေနွယ်ရိုး အဝေးသို့လှမ်းကြည့်ကာ ခေတ္တငိုင်သွား၏။

"ကျုပ် တစ်ခုခုတော့ ကူညီပေးချင်တယ် မလှရီ"

"ဘာကူညီမလို့လဲအေ။ ဒီလောက် သောကတွေပေးနေတာ အဆက်အသွယ်ဖြတ်ထားလိုက်"

"ဘယ်ဖြစ်မလဲ မလှရီရယ်။ ပြေးကြည့်မှ ဒီသမီးပဲရှိတာ"

"ညည်းသဘောပဲ ရွှေနွယ်ရိုး။ ကျုပ်ကတော့ အသိမရှိတဲ့သူကို ပစ်ထားလိုက်ချင်တယ်"

ဒေါသမပြယ်သောအသံဖြင့် မာဆတ်ဆတ်ပြောကာ လှည့်ထွက်သွားသော မလှရီကို ငေးကြည့်လျက် ရွှေနွယ်ရိုး ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်၏။

(၇)

"အမေ အမေ သမီးရောက်ပြီလေ။ ထကြည့်ပါအုံး အမေ"

"အခုမှ ငိုမနေပါနဲ့ သက်နွယ်ခင်။ အခုမှ ငိုမနေပါနဲ့။ ပစ်ထားခဲ့တုန်းက လှည့်မကြည့်ဘဲ အခုမှ ငိုမနေပါနဲ့"

နာကြည်းသောအသံ၊ အပြစ်တင်သော မျက်နှာထားနှင့် ယူကျုံးမရစွာပြောဆိုနေသော ဒေါ်လှရီ၏ အသံကို သက်နွယ်ခင် မကြား။ မိခင်ဖြစ်သူ၏အသက်မဲ့ခန္ဓာကိုသာဖက်၍ ရှိုက်ကြီးတငင်ငိုနေ၏။

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၃၂၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၇၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲကေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသလို အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် နောင်ပစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းရယ် ဇွန် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ပစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နောင်ပစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



➤ စာမျက်နှာ ၂၄ မှအဆက်

"အမယ်လေး ရွှေနွယ်ရိုးရေ။ နာမည်က ရွှေနွယ်ရိုးတဲ့ ညည်းဘဝကတော့"

"ကဲ ကဲ နာရေးကိစ္စစီစဉ်လိုက်ရအောင်"

ရွာလူကြီး၏စကားကြောင့် ရွာသူ၊ ရွာသားတချို့ နာရေးအတွက် ပြင်ဆင်ကြတော့၏။ ရပ်ရွာ၏ ဖေးမကူညီမှုနှင့် ရွှေနွယ်ရိုး၏ ဈာပနလည်း အဆင်ပြေချောမွေ့ခဲ့၏။

"ရော့ သက်နွယ်ခင်"

ဒေါ်လှရီ၏ မျက်နှာထားမှာ တင်းမာလျက်ရှိသော်လည်း မိမိကို မေတ္တာမပျက်ကြောင်း သက်နွယ်ခင် ခံစားမိ၏။

"ရွှေနွယ်ရိုးက ညည်းအဆင်မပြေဘူးလို့ ကြားကတည်းက သူ့ရှိသမျှ လက်ဝတ်လက်စားလေးကိုရောင်းပြီး ညည်းကို ထောက်ပံ့ပေးနေတာ။ ညည်းကတော့ မသိပါဘူး။ အခု အိမ်နဲ့ခြံလဲ ညည်းအမည်ပေါက်ပဲ"

ဒေါ်လှရီကမ်းပေးသော စာချုပ်လေးကိုကိုင်လျက် သက်နွယ်ခင် ငေးငိုင်သွားမိ၏။

(၈)

"အား အင့်"

"ဟင်"

မျက်စိရှေ့မှ မြင်ကွင်းကြောင့် သက်နွယ်ခင် အံ့သြစွာကြည့်နေမိ၏။

"ဆရာမ ရွှေလင်းမောင် သားကိုခြေထိုးခံလိုက်တာ သားပစ်လဲပြီး သားခြေထောက်ပွန်းပဲ့သွားပြီ"

မျက်ရည်စများကို လက်ဖြင့်သုတ်လျက် မိမိကိုလာရောက်တိုင်ကြားသူကို သက်နွယ်ခင် ဖေးမလိုက်သည်။

"ရွှေလင်းမောင်။ သားနောက်တစ်ခါ အဲလိုအဖြစ်အပျက်မျိုး ထပ်မလုပ်မိစေနဲ့။ သားကြောင့် တစ်ပါးသူထိခိုက်ဒဏ်ရာရတယ်။ မတော်တဆ ခြေထောက်ကျိုးသွားရင် သားရဲ့အပြစ်က ခွင့်လွှတ်နိုင်စရာမဟုတ်တော့ဘူး။ သားကိုယ်တိုင်က တစ်ပါးသူကို မကူညီနိုင်ရင်တောင် တစ်ပါးသူ ဒုက္ခရောက်စေမဲ့ လုပ်ရပ်မျိုးကို ဘယ်တော့မှ မလုပ်မိပါစေနဲ့သား။ အခု ချက်ချင်း သူငယ်ချင်းကိုတောင်းပန်လိုက်ပါ"

သူငယ်ချင်းကို တောင်းပန်စကားဆိုနေသည့် ၁၀နှစ်သားအရွယ် ရွှေလင်းမောင်ကိုကြည့်ကာ သက်နွယ်ခင် ကြည်နူးစွာပြုံးလိုက်၏။

"အမေသာ ရှိရင် သမီးရဲ့ဆိုဆုံးမမှုတွေနဲ့ကြီးပြင်းလာမဲ့ အမေ့မြေးကိုကြည့်၍ အမေ ကြည်နူးနေမှာပါ။ အမေ့ရဲ့ခွန်အားတွေနဲ့သမီးရဲ့ဘဝကို တစ်ကနေပြန်စနေပါပြီအမေ"

တီးတိုးစကားဆိုလျက် ကောင်းကင်ကြီးကိုမော့ကြည့်လိုက်စဉ် နံနက်ခင်း နေခြည်နုနုသည် ခါတိုင်းထက် ကြည်လင်ဝင်းဖန့်နေသည်ဟု ဆရာမလေး သက်နွယ်ခင် ခံစားမိလေတော့သည်။

## တန်ဖိုးရှိဖို့

- မနာလို ဝန်တိုကင်း
မြတ်စိတ်ရင်း မွေးမြူပါ၊
အတ္တတွေ ခဝါချ
သီလလုံကာ၊
မကောင်းမှု ဆိုသည်မှာ
ပျက်စီးရာ ဖြစ်သည်မို့၊
ကောင်းမှုဆောင် စိတ်ဓာတ်ဖွေးအောင်
ကျင့်တွေးပါစို့။

- နိုင်ရာဝန် ကိုယ်စီထမ်း
မြတ်သောလမ်း လျှောက်ဖို့ပြင်၊
ဘဝ ဝယ် ပျော်ရွှင်မှု
ထုဆစ်စေချင်၊
သမာဓိ လက်ကိုင်အစဉ်
ရင်ထဲတွင် ငြိမ်းအေး၊
အပြောဆို စရိုက်ကောင်းဖို့
ထိန်းကျောင်းနေပေး။

- လူဖြစ်ချိန် ဘဝက
တစ်ခဏ အချိန်တွေ၊
တန်ဖိုးဝင် လူသားအဖြစ်
ထုဆစ်ပါလေ၊
လူ့ကျင့်ဝတ် စောင့်ပါအဆွေ
ဖြောင့်မှာပေ ဘဝလမ်း၊
အကျိုးဆောင် အများတွက်ကို
ဆက်လျှောက်ဖြတ်သန်း။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# ဖြူးမြို့နယ် ဆင်ဆိတ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်ဆိတ်ကြီးကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက ဆင်ဆိတ်ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ ဒသမ ၁သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်ဆိတ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၂၁ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကိုငွေကျပ် ၂၀ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ဦးကို ရန်ပုံငွေ ကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# တနင်္ဂနွေနေ့ညကစားမဲ့ ယူရိုပြိုင်ပွဲအုပ်စုပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိတဲ့ အင်္ဂလန်အသင်း၊ ဒိန်းမတ်အသင်း၊ နယ်သာလန်အသင်းတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ ယူရိုအဖွင့်ပွဲစဉ်တွေမှာလဲ ခြေစွမ်းပိုင်းမာကျောတဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲဟာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေ အောင်မြင်မှုသိပ်မရခဲ့ဘဲ အတွေ့အကြုံနဲ့ အစဉ်အလာပိုင်းကောင်းတဲ့အသင်းတွေ ရလဒ်ကောင်းလေ့ရှိတာကြောင့် သမိုင်းတစ်လျှောက် အစဉ်အလာကောင်းတဲ့ အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်ရမှာပါ။ တနင်္ဂနွေနေ့ညမှာ ဒဏ်ရာရကစားသမားနဲ့ အရန်ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့ အသင်းတွေကိုရှောင်ပြီး ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ အသင်းတွေကိုသာ အားပေးရမှာပါ။

**အင်္ဂလန်အသင်းနဲ့လက်တွဲရမှာပါ**

ယူရိုပြိုင်ပွဲအုပ်စု (C) မှာ အကြိုက်တွေ့မိတာကတော့ ဆားဘီးယားနဲ့ အင်္ဂလန်တို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စု (C) မှာ ဆလိုဗေးနီးယား၊ ဒိန်းမတ်တို့နဲ့ကစားရတာကြောင့် အုပ်စုကျပ်တယ်လို့ ဆိုရမှာပါ။ ဆားဘီးယားအသင်းဟာ ကမ္ဘာ့အဆင့် (၃၃)မှာ ရပ်တည်နေပေမဲ့ ယူရိုပြိုင်ပွဲသမိုင်းမှာတော့ ယူဂိုဆလားဗီးယားပြည်ထောင်စုကခွဲထွက်ပြီး နောက်ပိုင်းကွာတားဖိုင်နယ်အဆင့်ကို အမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ခြေစစ်ပွဲအောင်မြင်မှုမရှိတော့ အခုနှစ်မှသာ ယူရိုပြိုင်ပွဲမှာပါဝင်ခွင့်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေစစ်ပွဲအဆင့်မှာလဲ မွန်တီနီဂရိုး၊ လစ်သူရေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီတို့နဲ့ ကစားခဲ့ရပြီး ဒုတိယနေရာနဲ့ ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြစတိုကိုဗစ်ကတော့ ထိပ်သီးကလပ်တွေမှာခြေစွမ်းပြနေတဲ့ ဗလာဟိုဗစ်၊ ဂျိုဗစ်၊ မက်ထရိုဗစ်၊ တာဒစ်၊ အီလစ်၊ မီလင်ကိုဗစ်ဆာဗစ်၊ ကော့စတစ်တို့လိုကစားသမားတွေနဲ့ စုဖွဲ့ထားပေမဲ့ အင်္ဂလန်နဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုအားနည်းနေတာဖြစ်ပါတယ်။ ဒါ့ပြင် ကစားကွက်ပိုင်းကလဲ ပြီးခဲ့တဲ့ခြေစွမ်းပွဲမှာ ရုရှားကို လေးဂိုး ဂိုးမရှိ၊ ဩစတြီးယားကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် ခံစစ်ကစားပုံ အားနည်းနေတယ်လို့ ဆိုရမှာပါ။

ကမ္ဘာ့အဆင့် (၄) မှာရပ်တည်နေတဲ့ အင်္ဂလန်အသင်းကတော့ ယူရိုပြိုင်ပွဲမှာဗိုလ်စွဲဖို့ ရေပန်းအစားဆုံးအသင်းဖြစ်နေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ယူရိုပြိုင်ပွဲမှာဗိုလ်လုပွဲတက်ရောက်ခဲ့ပေမဲ့ ပင်နယ်တီမှာရှုံးခဲ့လို့ အီတလီကိုအရေးနိမ့်ခဲ့ပြီး ဆုဖလားနဲ့ လွဲချော်ခဲ့ရတာကို တွေ့ရမှာပါ။ အခုတစ်ကြိမ်မှာတော့ နည်းပြဆောက်ဂိတ်ဟာ ပြီးခဲ့တဲ့ပြိုင်ပွဲက အမှားကိုပြန်လည်ပြင်ဆင်ဖို့ ကစားသမားအပြောင်းအလဲ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဟယ်ရီကိန်း၊ ဘယ်လင်ဟမ်၊ ဖိုဒန်၊ ဆာကာ၊ ဒီကလန်ရိုက်၊ အာနိုး၊ ဝေါ်လ်ကာ၊ ထရစ်ပီယာတို့လိုအတွေ့အကြုံများတဲ့ ကစားသမားတွေကို ရွေးချယ်ထားတာကြောင့် အုပ်စု (C) မှာ ကစားသမားတောင့်တင်းတဲ့ အသင်းဖြစ်နေတာကိုတွေ့ရမှာပါ။ နည်းပြဆောက်ဂိတ်ကတော့ အခုပြိုင်ပွဲမှာဆုဖလားရယူနိုင်ဖို့ ပစ်မှတ်ထားနေပေမဲ့ ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာတော့ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်ပွဲနိုင်ရလဒ်ရခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ အင်္ဂလန်အသင်းဟာ ယူရိုပြိုင်ပွဲအဖွင့်ပွဲတွေမှာ ရလဒ်ကောင်းလေ့ရှိတာကြောင့် အခုပွဲမှာလဲ အင်္ဂလန်အသင်းနဲ့လက်တွဲရမှာပါ။

**ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆားဘီးယား | ၂ | - | ၂ | ဘူလ်ဂေးရီးယား |
| ရုရှား | ၄ | - | ၀ | ဆားဘီးယား |
| ဆိုက်ပရက် | ၀ | - | ၁ | ဆားဘီးယား |
| ဩစတြီးယား | ၂ | - | ၁ | ဆားဘီးယား |
| ဆွီဒင် | ၀ | - | ၃ | ဆားဘီးယား |

**အင်္ဂလန်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မြောက်မက်ဆီဒိုးနီးယား | ၁ | - | ၁ | အင်္ဂလန် |
| အင်္ဂလန် | ၀ | - | ၁ | ဘရာဇီး |
| အင်္ဂလန် | ၂ | - | ၂ | ဘယ်လ်ဂျီယံ |
| အင်္ဂလန် | ၃ | - | ၀ | ဘော့ဇနီးယား |
| အင်္ဂလန် | ၀ | - | ၁ | အိုက်စလန် |

**ဒိန်းမတ်အသင်းကိုရွေးချယ်ရမှာပါ**

ယူရိုပြိုင်ပွဲအဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆလိုဗေးနီးယားနဲ့ ဒိန်းမတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ယူရိုခြေစစ်ပွဲအဆင့်မှာလဲတွေ့ဆုံခဲ့ပြီး ဒိန်းမတ်ကတစ်ပွဲသရေ၊ တစ်ပွဲနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဆလိုဗေးနီးယားဟာ အိမ်ကွင်းကစားပုံကောင်းတဲ့ အသင်းဖြစ်ပေမဲ့ အဝေးကွင်းတွေမှာတော့ ခြေရည်တူအသင်းကိုတောင်နိုင်ပွဲရဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြမာဂျာဇ်လက်ထက်မှာကစားပုံတိုးတက်လာတာကြောင့် အခုပြိုင်ပွဲမှာခြေစစ်ပွဲအောင်ခဲ့တာကိုတွေ့ရမှာပါ။ သမိုင်းတစ်လျှောက်မှာတော့ ၂၀၀၀ ပြည့်နှစ်မှာ တစ်ကြိမ်ခြေစစ်ပွဲအောင်ခဲ့ပြီး အုပ်စုကလှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုဟာ အုပ်စု (C) မှာအားအနည်းဆုံးဖြစ်နေပြီး ဒိန်းမတ်နဲ့ယှဉ်ရင်လဲ အတွေ့အကြုံနဲ့စုဖွဲ့မှုပိုင်းမှာ လိုအပ်ချက်ရှိနေတာကိုသတိပြုရမှာပါ။ နည်းပြမာဂျာဇ်ကတော့ ပြီးခဲ့တဲ့ခြေစွမ်းပွဲတွေမှာ ခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးရဖို့ကြိုးစားခဲ့တာကိုပေါ်တူဂီကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲမှာတွေ့ရမှာပါ။ ဒါပေမဲ့ မော်တာ၊ ဘူလ်ဂေးရီးယားတို့လိုအသင်းတွေကို သရေသာကစားနိုင်ခဲ့တဲ့ ခြေစွမ်းကတော့ အားရစရာမရှိဘဲ ကစားကွက်ပိုင်းအားနည်းချက်ရှိနေတယ်လို့ ဆိုရမှာပါ။

ကမ္ဘာ့အဆင့် (၂၁) မှာရှိနေတဲ့ ဒိန်းမတ်ကတော့ အဆင့် (၅၇) က ဆလိုဗေးနီးယားနဲ့ယှဉ်ရင် အဘက်ဘက်ကသာနေတာကိုတွေ့ရမှာပါ။ ဒိန်းမတ်ကလဲယူရိုပြိုင်ပွဲမှာ ချန်ပီယံဆုတစ်ကြိမ်နဲ့ ဆီမီးဖိုင်နယ် သုံးကြိမ်ထိတက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်တာကြောင့် အစဉ်အလာကောင်းတဲ့ အသင်းဖြစ်တယ်လို့ ဆိုရမှာပါ။ နည်းပြဂျူးလ်မန်းကတော့ ဥရောပကလပ်တွေမှာထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာ ဆွီဒင်၊ နော်ဝေတို့လိုအသင်းတွေကို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ယူရိုခြေစစ်ပွဲအဆင့်မှာ ကာဇက်စတန်၊ မြောက်အိုင်ယာလန်တို့လိုအသင်းတွေကို အဝေးကွင်းမှာ ရှုံးခဲ့တဲ့ခြေစွမ်းပိုင်းကတော့ သတိထားစရာဖြစ်နေပြီး ဂျာမနီမြေမှာကစားရတဲ့ အခုပြိုင်ပွဲမှာ တိုက်စစ်ပိုင်းကလိုအပ်တဲ့ သွင်းဂိုးမရခဲ့ရင်တော့ အုပ်စုကလှည့်ပြန်ရမှာဖြစ်လို့ ဆလိုဗေးနီးယားလိုအားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာ ရမှတ်ရှာဖွေရမှာပါ။ တိုက်စစ်ပိုင်းမှာတော့ ဟိုက်လန်း၊ ဂျိုးနက်ဝင်းတို့လိုခြေစွမ်းပြကစားသမားတွေရှိနေတာကြောင့် ဆလိုဗေးနီးယားကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဒိန်းမတ်ကအသာရထားတာကြောင့် ကစားပုံမာကျောတဲ့ ဒိန်းမတ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဆလိုဗေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၀ | - | ၁ | ဆလိုဗေးနီးယား |
| မော်တာ | ၂ | - | ၂ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၂ | - | ၀ | ပေါ်တူဂီ |
| ဆလိုဗေးနီးယား | ၂ | - | ၁ | အာမေးနီးယား |
| ဆလိုဗေးနီးယား | ၁ | - | ၁ | ဘူလ်ဂေးရီးယား |

**ဒိန်းမတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မြောက်အိုင်ယာလန် | ၂ | - | ၀ | ဒိန်းမတ် |
| ဒိန်းမတ် | ၀ | - | ၀ | ဆွစ်ဇာလန် |
| ဒိန်းမတ် | ၂ | - | ၀ | ဖာရိုးကျွန်းစု |
| ဒိန်းမတ် | ၂ | - | ၁ | ဆွီဒင် |
| ဒိန်းမတ် | ၃ | - | ၁ | နော်ဝေ |

**နယ်သာလန်အသင်းကိုအားပေးရမှာပါ**

ယူရိုပြိုင်ပွဲ အုပ်စု (D)မှာ အကြိုက်တွေ့မိတာကတော့ ပိုလန်နဲ့ နယ်သာလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပိုလန်အသင်းဟာ ယူရိုခြေစစ်ပွဲအဆင့်မှာ အယ်ဘေးနီးယား၊ ချက်၊ မော်ဒိုဗာ၊ ဖာရိုးကျွန်းစုတို့လိုအသင်းတွေနဲ့ ကစားခဲ့ရပေမဲ့ တတိယနေရာနဲ့သာပြီးဆုံးခဲ့တာကြောင့် တိုက်ရိုက်ဝင်ခွင့်နဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အကောင်းဆုံးတတိယနေရာနဲ့ပြီးဆုံးခဲ့တာကြောင့် Play-Off ကစားခဲ့ရပြီး အက်စ်တိုးနီးယား၊ ဝေးလ်တို့ကိုအနိုင်ရခဲ့လို့ ခြေစစ်ပွဲအောင်မြင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ မီချယ်လက်ထက်မှာကစားပုံပြန်လည်တိုးတက်လာတာကြောင့် ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာယူကရိန်း၊ တူကီယဲတို့လို အသင်းတွေကို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီပွဲစဉ်တွေမှာ အသင်းရဲ့အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ ဆွီဒါစကီး၊ လီဝင်ဒေါစကီးတို့ ဒဏ်ရာရခဲ့တာကြောင့် အခုပွဲမှာပါဝင်နိုင်မှာမဟုတ်လို့ တိုက်စစ်ပိုင်းအားနည်းသွားမှာသေချာပါတယ်။ လက်ရှိကစားသမားတွေကလဲခြေစွမ်းပြကစားသမားတွေဖြစ်တယ်ဆိုပေမဲ့ နယ်သာလန်နဲ့ယှဉ်ရင်တော့ စုဖွဲ့မှုအားနည်းချက်ရှိနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ၂၀၀၈ ခုနှစ်ကစလို့ ခြေစစ်ပွဲအောင်မြင်ခဲ့ပေမဲ့ အမြင့်ဆုံးကွာတားဖိုင်နယ်ထိသာ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

နယ်သာလန်အသင်းဟာ အခုပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်ဖို့ရေပန်းစားနေတဲ့ အသင်းထဲမှာပါဝင်နေတာကိုတွေ့ရမှာပါ။ နည်းပြကိုးမန်းကတော့ ပြင်သစ်၊ ဩစတြီးယားတို့လိုအသင်းတွေနဲ့ ကစားရမှာဖြစ်လို့ ဥရောပထိပ်တန်းကစားသမားတွေကိုသာ ရွေးချယ်ထားတာကြောင့် ဒီနှစ်မှာနယ်သာလန်လူစာရင်းက စုဖွဲ့မှုကောင်းတယ်လို့ဆိုရမှာပါ။ တိုက်စစ်မှာဒီပေး၊ မာလန်း၊ ဂတ်ပို၊ ဇက်ခ်ဇီး၊ ကွင်းလယ်မှာ ဂရာဗန်ဘာ့ခ်၊ ဆိုင်မွန်၊ ဒမ်ဖရိုင်းစ်၊ ခံစစ်မှာ ဒါလေဘလိုင်း၊ ဗန်ဒိုက်၊ ဒီလိုက်၊ အကီ၊ ဖရင်ပေါင်တို့လို ကစားသမားတွေရှိနေတာကြောင့် ခံစစ်၊တိုက်စစ်မျှတနေတယ်လို့ ဆိုရမှာပါ။ ဒီကစားသမားစာရင်းနဲ့ ခြေစစ်ပွဲအဆင့်မှာကစားခဲ့ရာမှာ ပြင်သစ်အသင်းကိုသာရှုံးခဲ့ပြီး ကျန်ပွဲစဉ်အားလုံးအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ခြေစမ်းပွဲလေးပွဲမှာလဲ စကော့တလန်၊ ကနေဒါ၊ အိုက်စလန်တို့လိုအသင်းတွေကိုပေးဂိုးမရှိဘဲ ဂိုးပြတ်အနိုင်ရခဲ့တဲ့ခြေစွမ်းကိုကြည့်ရင် နည်းပြကိုးမန်းရဲ့ကြိုတင်ပြင်ဆင်မှုက အောင်မြင်ခဲ့တာကိုတွေ့ရမှာပါ။ နယ်သာလန်ဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ၁၉၈၈ ခုနှစ်က ဂျာမနီကကျင်းပခဲ့တဲ့ ပြိုင်ပွဲမှာ ဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်းမှာအမြင့်ဆုံးဆီမီးအဆင့်သာတက်ရောက်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာလဲ အုပ်စုကကျော်ဖြတ်ဖို့ဆိုရင် ပိုလန်လိုစုဖွဲ့မှုအားနည်းတဲ့အသင်းကို ဂိုးပြတ်နိုင်ပွဲရမှသာအခြေအနေကောင်းနိုင်မှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာလဲ နယ်သာလန်က လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ အသာရခဲ့တာကြောင့် နယ်သာလန်အသင်းကို အားပေးရမှာပါ။

**ပိုလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပိုလန် | ၂ | - | ၀ | လက်ဗီယား |
| ပိုလန် | ၅ | - | ၁ | အက်စ်တိုးနီးယား |
| ဝေးလ် | ၀ | - | ၀ | ပိုလန် |
| ပိုလန် | ၃ | - | ၁ | ယူကရိန်း |
| ပိုလန် | ၂ | - | ၁ | တူကီယဲ |

**နယ်သာလန်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီဘရော်တာ | ၀ | - | ၆ | နယ်သာလန် |
| နယ်သာလန် | ၄ | - | ၀ | စကော့တလန် |
| ဂျာမနီ | ၂ | - | ၁ | နယ်သာလန် |
| နယ်သာလန် | ၄ | - | ၀ | ကနေဒါ |
| နယ်သာလန် | ၄ | - | ၀ | အိုက်စလန် |

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

- ❖ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှုနိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင် ဖော်ဆောင်ကာလုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။
- ❖ သို့ဖြစ်၍ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## သရက်တောင်ကြီးဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၀၁ ဒသမ ၆ ဧကရှိသော နယ်မြေကို **"သရက်တောင်ကြီးဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၄)အရ ၁၃၈၆ ခုနှစ် နယုန်လဆန်း ၁ ရက်(၂၀၂၄ ခုနှစ် ဇွန် ၇ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများကို **စာမျက်နှာ ၁၈ ကော်လံ ၄ ☆**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇွန် ၁၇ ရက်မှ ၂၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၄**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

